# မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၁၁ ရက်၊ ၂၀၀၆ ခုနှစ်၊ မေ ၂၃ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၅)၊ အမှတ်(၂၀၂)






နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တွံတေးတံတား တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

## ဒီမိုကရေစီကို ပါးစပ်ဖျားဖြင့် အလွယ်တကူပြောပြီး တည်ဆောက်နေ၍မရ စည်းကမ်းတကျမတည်ဆောက်ပါက လူ့အုပ်စုဝါဒ၊ မင်းမဲ့ဝါဒများလွှမ်းမိုးပြီး ပျက်စီးနိုင် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီအတွက်အခြေခံကောင်းများ ခိုင်မာအောင်ထူထောင်ရင်း အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ် (၇) ရပ် ပြီးမြောက်အောင်အကောင်အထည်ဖော်သွားမည်

**ရန်ကုန် မေ ၂၂**

ရခိုင်ပြည်နယ်ခရီးစဉ်မှ ရန်ကုန်မြို့သို့ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧရာဝတီတိုင်း ကျွန်းကုန်းတံတားတည်ဆောက်မည့်နေရာနှင့် ဖျာပုံတံတားတို့ကိုလည်းကောင်း၊ ရန်ကုန်တိုင်းအတွင်းရှိ တွံတေးတံတားတည်ဆောက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း ယနေ့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။ *ကျော်ဖုံးသို့*

## ဒီမိုကရေစီထွန်းကားတည်တံ့ရေးလိုအပ်သောအခြေခံကောင်းများ

- ❒ ပထမဆုံးအချက်မှာ နိုင်ငံတော်၌ နယ်စပ်ဒေသအပါအဝင် နိုင်ငံတစ်ဝန်းလုံးအေးချမ်းတည်ငြိမ်ပြီး တရားဥပဒေစိုးမိုး နေရန်။
- ❒ ဒုတိယအချက်မှာ နိုင်ငံတော်၏စီးပွားရေး ခိုင်မာတောင့်တင်းပြီး စီးပွားရေး အခြေခံကောင်းများရှိနေရန်။
- ❒ တတိယအချက်မှာ ပြည်သူများ၏ အသိဉာဏ်ပညာပိုင်း၊ အတွေးအခေါ်ပိုင်း မြင့်မားနေရန်ပင်ဖြစ်၏။

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

# အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်)

## အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေး ကုန်ထုတ်လုပ်မှုတိုးတက်ရေးနှင့် ပို့ကုန်တိုးချဲ့တင်ပို့နိုင်ရေး ကြိုးပမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ရခိုင်ပြည်နယ် ခရီးစဉ်အတွင်း ဧပြီလ၁၉ရက်နေ့က သံတွဲမြို့ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ သံတွဲ၊ တောင်ကုတ်၊ ဂွမြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ သံတွဲမြို့နယ်မှ စီးပွားရေးလုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အမှာစကား ပြောကြားရာတွင်-

**"နိုင်ငံတော်အပိုင်းကရော၊ ပုဂ္ဂလိကအပိုင်းကပါ ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ ပို့ကုန်များ တိုးချဲ့တင်ပို့ရေး၊ သွင်းကုန်များအစားထိုးနိုင်ရေး၊ အလေအလွင့် အဆုံးအရှုံးလျော့နည်းရေး၊ ခြိုးခြံချွေတာရေးတို့ကို ဟန်ချက်ညီညီ အကောင်အထည်ဖော်ဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံ့စီးပွား ပိုမိုဖွံ့ဖြိုးစေမှာဖြစ်ကြောင်း"**

ပြောကြားသွားသည်။

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် နိုင်ငံရေးဦးတည်ချက်လေးရပ်၊ စီးပွားရေး ဦးတည်ချက်လေးရပ်၊ လူမှုရေးဦးတည်ချက်လေးရပ်ချမှတ်ကာ အရှိန်အဟုန်ဖြင့် ကြိုးပမ်းတည်ဆောက် လျက်ရှိသည်။

အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးအတွက် စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်လျက်ရှိသည်။

နိုင်ငံတစ်ဝန်းရှိ မြေလွတ်မြေရိုင်းများကို ဖော်ထုတ်၍ စပါးအပါအဝင် အဓိကသီးနှံ၁၀မျိုး၊ ဆီထွက်သီးနှံ၊ နှစ်ရှည်သီးနှံ၊ အမယ်သစ်သီးနှံနှင့် အခြားသီးနှံများကို တိုးချဲ့စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ တိုင်းရင်းသား လုပ်ငန်းရှင်များနှင့် စိုက်ပျိုးမွေးမြူသူများက ပြည်ပပို့ကုန်သီးနှံများ စိုက်ပျိုးထုတ်လုပ်ခြင်း၊ မွေးမြူရေးတိရစ္ဆာန်များနှင့် ရေထွက်ပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်းများကို အကျိုးတူ ပူးပေါင်းဆောင်ရွက် လျက်ရှိကြသည်။

နိုင်ငံတော်အစိုးရက ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေးဟူသည့် စီးပွားရေး ဦးတည်ချက်နှင့်အညီ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များအား ကူညီပံ့ပိုးအားပေးနေသည်။ စီးပွားရေး လုပ်ငန်းများ၌ ပို့ကုန်သွင်းကုန် မူဝါဒကို စနစ်တကျကျင့်သုံးလျက် ပို့ကုန်လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်စေရန် အားပေးလျက်ရှိသည်။

ကုန်ထုတ်လုပ်မှုတိုးတက်မှ စီးပွားရေးဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည်။ အရင်းအနှီးရှိသည့် စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့်လည်း ဝန်ဆောင်မှုနှင့် ကုန်သွယ်မှုကဏ္ဍများ၌ရော ကုန်ထုတ်လုပ်မှုကဏ္ဍများ၌ပါ တိုးချဲ့ရင်းနှီးမြှုပ်နှံ၍ နိုင်ငံ့စီးပွားတိုးတက်အောင် ဝိုင်းဝန်းပါဝင်ရန်လိုအပ်သည်။

ယင်းသို့ လုပ်ကိုင်ဆောင်ရွက်ရာ၌ တစ်ဦးချင်း၊ တစ်ဖွဲ့ချင်းအတွက်လည်း အကျိုးရှိ၊ နိုင်ငံတော် အတွက်လည်းအကျိုးဖြစ်ထွန်းမည့် စီးပွားရေးလုပ်ငန်းများကို စည်းကမ်းတကျ လုပ်ကိုင်ဆောင်ရွက် သွားကြရမည်ဖြစ်သည်။

စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ပြည်ပပို့ကုန်များ တိုးချဲ့တင်ပို့နိုင်ရေး၊ နိုင်ငံခြားသုံးငွေ တိုးတက်ရရှိရေး ကြိုးပမ်းကြရမည်ဖြစ်သကဲ့သို့ ပြည်ပမှပစ္စည်းများအပေါ် မှီခိုအားထားနေရမှုမှ လျော့နည်း ကျဆင်းပြီး မိမိ၏ ကိုယ်ပိုင်ထုတ်လုပ်နိုင်အားအပေါ် ရပ်တည်နိုင်စေရန် သွင်းကုန်အစားထိုးလုပ်ငန်းများ ကိုလည်း တိုးချဲ့လုပ်ကိုင်သွားကြရမည်ဖြစ်သည်။

ယခုအခါ နိုင်ငံတော်၏ စီးပွားရေးမှာလည်း အတိုင်းအတာတစ်ရပ်အထိ တိုးတက်အောင်မြင် လာခြင်းကြောင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်သည်။

နိုင်ငံတော်ကြီးတစ်ရပ်လုံး ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်မြေဒေသအလိုက် ကုန်ထုတ် လုပ်မှု လုပ်ငန်းများတိုးတက်ရန် လိုအပ်သည်။

သို့ဖြစ်ရာ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်အစိုးရနှင့်လက်တွဲ၍ ကုန်ထုတ်လုပ်မှုတိုးတက်ရေးနှင့် ပို့ကုန်များ တိုးချဲ့တင်ပို့နိုင်ရေး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြား

**၂၃-၄-၂၀၀၆ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
၇:၁၅ ၄။ မျိုးချစ်တပ်မတော်
၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဆရာတော် ဦးဃောသိတ တရားတော် **"ပဋိဂ်ကမင်္ဂနှင့် အင်္ဂဂ်ကမင်္ဂ"**

**နေ့လယ်ပိုင်း**

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၁၅ ၄။ မေးမြန်းစူးစမ်း
၁၂:၃၅ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
၁၂:၅၀ ၆။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"ကျွန်တော့်မိတ်ဆွေ"** (အပိုင်း-၂)
၀၁:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၄:၂၅ ၄။ မျိုးချစ်တပ်မတော်
၄:၄၅ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၈။ နိုင်ငံတကာသတင်း
၆:၂၀ ၉။ မိုးလေဝသသတင်း
၆:၂၅ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၁။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၆:၄၀ ၁၂။ လျှပ်တစ်ပြက်
၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နန်းတွင်း ရတနာ"** (အပိုင်း-၃၃)
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၆။ ကျန်းမာသုတ
၁၇။ ပဟေဠိနန်းတော်
၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၉။ FA Cup ဘောလုံးပွဲ အစီအစဉ် Middlebrough Vs Westham UTD.

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူ ကျင့်သုံးလိုက်နာသွားမည်။
(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမိုတ်မသုန် အကောင်အထည်ဖော်သွားမည်။
(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။
(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။
(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။
(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။



## ဘုရင့်နောင်မင်းတရားကြီး၏ ကမ္ဘောဇသာဒီနန်းတော် ဝန်ကြီးဗိုလ်ချုပ်ကြည်အောင် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၂၂**

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ကြည်အောင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ၁၉ရက် နံနက်ပိုင်းက ပဲခူးမြို့ ဘုရင့်နောင်မင်းတရားကြီး၏ ကမ္ဘောဇသာဒီနန်းတော်သို့ ရောက်ရှိလာရာ ရှေးဟောင်း သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်စန္ဒာခင်နှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးဌာနခွဲ ပဲခူးဌာနစု တာဝန်ခံ လက်ထောက် ညွှန်ကြားရေးမှူး ဦးကြည်ခင်တို့က ကြိုဆိုကြသည်။

**လေ့လာကြည့်ရှု**

ထို့နောက်ဝန်ကြီးသည် မြေနန်းပြာသာဒ်ဆောင်အတွင်းရှိ နေရာတော်ခင်းကျင်းမှုများနှင့် ဘုရင့်နောင် မင်းတရားကြီး စီးနင်းသည့် မြင်း၁၆ကောင်ကသည့် ရထားယာဉ်ပုံစံငယ်ပြီးစီးမှုနှင့် မင်းခမ်းတော်ပစ္စည်းများ နေရာချထားမှုများကို အသေးစိတ် လေ့လာကြည့်ရှုသည်။ **(အပေါ်ပုံ)** ယင်းနောက် ဝန်ကြီးသည် ကမ္ဘောဇသာဒီနန်းတော်ဝင်းအတွင်း မြေခင်းအလှနှင့် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဖြည့်စွက်ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို တာဝန်ရှိသူများအား မှာကြားသည်။

**ရေစက်သွန်းချအမျှဝေ**

ထိုမှတစ်ဆင့် ဝန်ကြီးသည် တောင်ငူမြို့သို့ရောက်ရှိပြီး တောင်ငူမြို့ ရွှေဆံတော်ဘုရားအနီးရှိ သရက်တော ကျောင်းတိုက်သို့သွားရောက်၍ သရက်တောကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တစက္ကိ အမှူးပြုသည့် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းသည်။ ယင်းနောက် ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ဘားအံမြို့သက်ကြီးပူဇော်ပွဲ အခမ်းအနားနှင့် အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ် ရဟန်းခံရှင်ပြုအလှူတော်မင်္ဂလာ တက်ရောက် နယ်မြေခံတပ်ရင်း၌ ကြက်ဆူပင်စိုက်ပျိုးရန် မြေယာပြုပြင်မှု ကြည့်ရှုအားပေး

နေပြည်တော် ဧပြီ ၂၂

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ဧပြီ ၁၉ရက် နံနက်ပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့် သက်ကြီးပူဇော်ပွဲ အခမ်းအနားသို့ တက်ရောက်ကြည့်ညိုသည်။**

## သီလခံယူ

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ပြီး ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် တက်ရောက်လာကြသူများက ပြည်နယ် သံဃနာယက အဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ကဝိဇေထံမှ ကိုးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များထံမှ ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် ဇနီးဒေါ်ခင်လေးမြင့်တို့က နိုင်ငံတော် ဩဝါဒါစရိယ မဲဘောင်ကျောင်းတိုက် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂ မဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဣန္ဒြိယအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် နှင့် ဇနီးတို့က ပြည်နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော်အား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

## ဆက်ကပ်လှူဒါန်း

ထို့နောက် ဆရာတော် သံဃာတော်များအား အမှတ် (၂၂) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးကြီး ကျော်ဆွေ၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခင်ကြူးနှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများကို အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အသက်(၇၅)နှစ်အထက် အဘိုး၃၁ဦးနှင့် အဘွား၄၆ဦး စုစုပေါင်း ၇၇ဦးတို့အား ထောက်ပံ့ငွေများကို ပေးအပ်လှူဒါန်းကြပြီး ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ထံမှ အနုမောဒနာတရားနှင့် ရေစက်ချတရားတို့ကိုနာယူကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

## တက်ရောက်ကြည့်ညို

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဘားအံမြို့ မြိုင်ကလေးညောင်ပင်သာ ကျောင်းတိုက်၌ကျင်းပသည့် အမှတ် (၂၂)ခြေမြန်တပ်မဌာနချုပ်၏ ဒုတိယ အကြိမ် စုပေါင်းရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာ အခမ်းအနားသို့ တက်ရောက်ကြည့်ညိုကြပြီး ရှေးဦးစွာ နိုင်ငံတော် ဩဝါဒါစရိယ မဲဘောင်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဣန္ဒြိယအမှူးပြုသော ဆရာတော် သံဃာတော်များ၊ ရဟန်း အပါး၂၁၀၊ ရှင်သာမဏေအပါး၄၀ တို့အား ဆွမ်းခြောက်များကို လောင်းလှူကြသည်။

ထို့နောက် အလှူတော်မင်္ဂလာ အခမ်းအနားကို အဆိုပါ ညောင်ပင်သာကျောင်းတိုက်၌ ဆက်လက်ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များကအခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ ကိုးပါးသီလခံယူ ဆောက်တည်ကြကာ ဆရာတော် သံဃာတော်များထံမှ မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် ပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က အနုမောဒနာတရားနှင့် ရေစက်ချတရားတို့ကို ချီးမြှင့်တော်မူပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်ဇနီး ဒေါ်ခင်လေးမြင့်တို့က နိုင်ငံတော် ဩဝါဒါစရိယမဲဘောင်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဣန္ဒြိယအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။



ဆက်လက်၍ ပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အား တိုင်းမှူးနှင့် ဇနီးတို့က လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးကြီးကျော်ဆွေနှင့်ဇနီးနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအားလှူဖွယ်ပစ္စည်းများကိုလည်းကောင်း အသီးသီးဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်ပြီး အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များက ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

## ပျိုးပင်များပေးအပ်

ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် လိုက်ပါလျက် ဧပြီ ၂၀ရက် နံနက် ၈နာရီခွဲတွင် ဘားအံမြို့ နယ်မြေခံတပ်ရင်း၌ ကျင်းပသည့် တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များသို့ ရာသီသီးနှံနှင့်စားဖိုဆောင်သုံး သီးနှံမျိုးစေ့နှင့် ပျိုးပင်များပေးအပ်ပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်နယ်မှ တပ်ရင်း၊ တပ်ဖွဲ့မှူးများအား ရာသီသီးနှံနှင့် စားဖိုဆောင်သုံး သီးနှံစိုက်ပျိုးရန် မျိုးစေ့နှင့် ပျိုးပင်များကို ဖြန့်ဝေပေးအပ်ကြသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၏ ဇနီး ဒေါ်ခင်လေးမြင့်နှင့် တိုင်းမှူး၏ ဇနီးတို့က တပ်နယ်ရှိ တပ်ရင်း၊တပ်ဖွဲ့များမှ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၏ ဇနီးများနှင့် မိသားစုဝင်များအား ရာသီသီးနှံမျိုးစေ့နှင့် ပျိုးပင်များကို ဖြန့်ဝေပေးအပ်ကြသည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်ရင်း၏ ရာသီသီးနှံစိုက်ခင်း ၈ ဒသမ၅ ဧက၌ ချဉ်ပေါင်၊ ကန်စွန်း၊ ရုံးပတီ၊ ငရုတ်၊ မုန်လာ၊ ဟင်းနုနယ်၊ နံနံ၊ ဘူး၊ ပျဉ်းတော်သိမ်၊ တိုင်ထောင်ပဲ၊ ရှမ်းနံနံ၊ သင်္ဘော၊ ဒန့်သလွန်နှင့် ကင်ပွန်းချဉ် စသည့် ရာသီသီးနှံများ စိုက်ပျိုးထားရှိမှုများကိုလည်းကောင်း၊ စိုက်ခင်းအတွင်း တပ်ရင်းမှ အရာရှိ စစ်သည်မိသားစုဝင်များက ရာသီသီးနှံပျိုးပင်နှင့် မျိုးစေ့များ မြေချစိုက်ပျိုးနေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးကြပြီး မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးကာ ထောက်ပံ့ငွေများကို ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်ရင်း၏ ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ စိုက်ခင်းတာဝန်ခံ ဗိုလ်မှူးမျိုးမြင့်အောင်က တပ်ရင်း၏ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပြီးစီးမှုနှင့် ပျိုးထောင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ခြံစည်းရိုးကြက်ဆူပင်တိုးချဲ့စိုက်ပျိုးရေးနှင့် မျိုးပွားကိုင်းမှ ပျိုးပင်များမျိုးပွားခြင်းလုပ်ငန်းများကို အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး နယ်မြေခံတပ်ရင်းပျိုးဥယျာဉ်၌ ခြံစည်းရိုးကြက်ဆူမျိုးစေ့၊ မျိုးပွားကိုင်းနှင့် မျိုးစေ့ပျိုးပင်များ စုဆောင်းထားရှိမှု၊ ကြက်ဆူပင်စိုက်ပျိုးရန် မြေယာပြုပြင်ဆောင်ရွက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁၂နာရီခွဲတွင် စစ်တောင်းတံတားသို့ ရောက်ရှိပြီး ထိုမှတစ်ဆင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်း

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် ဇနီး ဒေါ်ခင်လေးမြင့် အမှတ် (၂၂) ခြေမြန်တပ်မဌာနချုပ်၏ ဒုတိယအကြိမ် စုပေါင်းရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာအခမ်းအနားတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

# ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ အင်ဒိုနီးရှားမှ ပြန်လည်ရောက်ရှိ အာဆီယံပင်ရိုညာဉ်စာတမ်းပြုစုရေးပညာရှင်ပုဂ္ဂိုလ်များ အစည်းအဝေးတက်ရောက်ခဲ့

**ရန်ကုန် ဧပြီ ၂၂**

အင်ဒိုနီးရှားသမ္မတနိုင်ငံ ဥဘတ်မြို့တွင် ဧပြီ ၁၇ရက်မှ ၂၀ရက်အထိ ကျင်းပခဲ့သည့် အာဆီယံပင်ရိုညာဉ်စာတမ်းပြုစုရေး ပညာရှင်ပုဂ္ဂိုလ်များ၏ တတိယအကြိမ်အစည်းအဝေးသို့ တက်ရောက်ခဲ့သော ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

## ကြိုဆိုနှုတ်ဆက်

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းသိမ်းနှင့် ဌာနစုမှူး(၁) ဦးဇော်နိုင်ဝင်းတို့ ပြန်လည်လိုက်ပါလာကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား (၂) ရပ်ကွက် ရွှေတောင်ကြားလမ်း အမှတ် ၁၄ ဘီ/၃ နေ ဒေါ်စောတင်အား ရည်စူး၍ ခင်ပွန်း ဦးသာဒွန်း (ဖိုးသာဒွန်း-မုံရွာ)နှင့် သားသမီး မြေးတစ်စု တို့က ဆေးပဒေသာပင် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

# တာမွေကြီးပွားရေးဓမ္မာရုံ သီတဂူရေအလှူ အထူးတရားပွဲ

**ရန်ကုန် ဧပြီ ၂၂**

တာမွေမြို့နယ် တာမွေကြီးက/ဂ ရပ်ကွက်လုံးဆိုင်ရာ တာမွေကြီးပွားရေးဓမ္မာရုံကြီး၏ ပထမအကြိမ်သီတဂူရေအလှူတော် အထူးတရားပွဲကြီးကို ကျင်းပမည်ဖြစ်ရာ ဧပြီ ၂၆ ရက် (ဗုဒ္ဓဟူးနေ့)တွင် ရွှေလင်းယုန်ဆရာတော် အရှင်အရဝိန္ဒာဘိဝံသကလည်းကောင်း၊ ၂၇ရက် (ကြာသပတေးနေ့)တွင် ရွှေပြည်ဟိန်း ဆရာတော်အရှင်ခေမာသိရီလင်္ကာရကလည်းကောင်း၊ ၂၈ရက် (သောကြာနေ့)တွင် သီတဂူ ဆရာတော် အရှင်ဉာဏိဿရကလည်းကောင်း ညစဉ် ၇နာရီတွင် ၁၅၇လမ်း အမှတ် ၂၄ရှိ အဆိုပါ ဓမ္မာရုံကြီး၏ မျက်နှာစာရှေ့တွင်နိဗ္ဗာန်ရောက်ကြောင်း တရားများကို ဟောကြားချီးမြှင့်မည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**



**ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၃၅)ရပ်ကွက် ညီမူရာဓမ္မာရုံတွင် မတ် ၂၂ရက်မှစ၍ ဖွင့်လှစ်လျက်ရှိသော 'အ'သုံးလုံးကျေးသင်တန်းနှင့် စာဖတ်ရှိန်မြှင့်တင်ရေး၊ စာဖတ်ဝိုင်း ဖွင့်လှစ်သင်ကြားနေမှုများအား ဧပြီ ၂၀ရက်က ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်နန်းရွှေယဉ်က ကြည့်ရှုအားပေးပြီး အခြေခံစာတတ်မြောက်ရေးစာစဉ်များ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

23-4 (03).p65 1 1/5/32, 1:34 PM

# ဘုရှ်၏ ခြိမ်းခြောက်မှုကို အီရန်တို့ကြောက်ရွံ့မည်မဟုတ်

**တီဟီရန် ဧပြီ ၂၂**

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်များအပေါ် အမေရိကန်သမ္မတဘုရှ်၏ ဖိအားပေးခြိမ်းခြောက်မှုများကို အီရန်က ကြောက်ရွံ့နောက်တွန့်မည်မဟုတ်ကြောင်း အီရန်ကာကွယ်ရေးဝန်ကြီး မိုစတာဖာမိုဟာမက်နက်ဂျာက ဘာကူမြို့တွင် ဧပြီ ၂၀ရက်က တုံ့ပြန်ပြောကြားလိုက်သည်။

**အလည်အပတ်ရောက်ရှိ**

အမေရိကန်တို့၏ ခြိမ်းခြောက်မှုများသည် မိမိတို့အတွက်ကြောက်ရွံ့စရာ မဟုတ်ကြောင်း၊ နျူကလီးယား အစီအစဉ်များကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အဇာဘိုင်ဂျန်နိုင်ငံ ဘာကူမြို့သို့ အလည်အပတ် ရောက်ရှိနေသော အီရန်ကာကွယ်ရေးဝန်ကြီး နက်ဂျာက ပြောကြားလိုက်ခြင်းဖြစ်သည်။

**ရပ်ဆိုင်းသွားမည်**

သို့သော်အီရန်နိုင်ငံအနေဖြင့် ကမ္ဘာ့အဖွဲ့အစည်းများနှင့် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နျူကလီးယားကိစ္စရပ်နှင့် ပတ်သက်၍ ပြောကြားရန်အသင့်ရှိကြောင်း၊ သို့ရာတွင် ခြိမ်းခြောက်အကျပ်ကိုင်မှုတစ်စုံတစ်ရာ ဖြစ်ပေါ်လာလျှင်ဆွေးနွေးမှုများကို ချက်ချင်းရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

**တွေ့ဆုံဆွေးနွေး**

အဇာဘိုင်ဂျန်သမ္မတအလီယက်ဖ် အနေဖြင့် ဝါရှင်တန်သို့ခရီးထွက်ခဲ့ပြီးနောက် အီရန်နှင့်အဇာဘိုင်ဂျန်အကြား နျူကလီးယားအကျပ်အတည်းနှင့် ပတ်သက်ပြီးတွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နေခြင်းဖြစ်သည်။ အဇာဘိုင်ဂျန်သမ္မတက မိမိတို့ဆွေးနွေးမှုများမှာ တစ်စုံတစ်ရာ ဖိအားပေးဆွေးနွေးမှုမျိုး မဟုတ်ဘဲ လွတ်လပ်စွာ တွေ့ဆုံဆွေးနွေးခြင်းသာ ဖြစ်ကြောင်း ပြောကြားသည်။

**အမ်အင်အေ၊ ဆင်ဟွာ**

## နိုင်ငံတကာ သတင်းများ



# အိန္ဒိယ၌ ဘတ်စ်ကား ရေကန်ထဲထိုးကျ ၅၁ဦးသေဆုံး၊ ၁၀ဦး ဒဏ်ရာရရှိ

**နယူးဒေလီ ဧပြီ ၂၂**

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း အာသံပြည်နယ်ရှိ အဝေးပြေးလမ်းပေါ်တွင် ဧပြီ ၂၀ရက် နံနက်က ဘတ်စ်ကားတစ်စီး လမ်းချော်ကာ ရေကန်တစ်ခု အတွင်း ထိုးကျသွားရာ ခရီးသည်၅၁ဦး ထက်မနည်း သေဆုံးပြီး ၁၀ဦးဒဏ်ရာ ရရှိသွားကြောင်း အင်ဒို-အာဆီယံသတင်းဌာနက ဖော်ပြသည်။ **(အပေါ်ပုံ)**

**ပြောကြား**

အဆိုပါ ဘတ်စ်ကားသည် အာသံပြည်နယ်ရှိ ဂိုမာရီကျေးရွာအနီး နံနက် ၁နာရီဝန်းကျင်ခန့်တွင် လမ်းချော်သွားရာ ယာဉ်မောင်းသူက အကွေ့၌ ကြိုးစားထိန်းသော်လည်း ထိန်းမရသဖြင့် ဖြစ်ရကြောင်း ဒေသခံရဲတပ်ဖွဲ့က ပြောကြားသည်။

**ဖြစ်ပွား**

ဘတ်စ်ကားပေါ်တွင် လူ ၇၀ခန့် ပါရှိပြီး ၎င်းတို့သည် ရာဟာမှ ဂိုမာရီ ကျေးရွာရှိ မင်္ဂလာဆောင်တစ်ခုသို့ အသွားတွင် ဖြစ်ပွားခြင်းဖြစ်ကြောင်း အရာရှိများက ပြောကြားသည်။

အလောင်း ၅၁လောင်းကို တွေ့ရှိရကြောင်း၊ ရေကန်ထဲ၌ နောက်ထပ် သေဆုံးသူ ရှိနိုင်သေးကြောင်း၊ ရေငုပ်သမားများက ရှာဖွေနေဆဲဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

# ကနေဒါ မွေးမြူရေးခြံ၌ မီးလောင် ဝက်အကောင် ၂၀၀၀ကျော် သေဆုံး

**အော့တာဝါ ဧပြီ ၂၂**

ကနေဒါနိုင်ငံ နိုဗာစကိုတီးရာမြို့တွင် ဧပြီ ၂၀ရက်က ဝက်မွေးမြူရေးခြံ တစ်ခြံမီးလောင်ရာ ဝက်အကောင် ၂၀၀၀ ခန့် သေဆုံးသွားခဲ့ရကြောင်း သိရသည်။

**မီးလောင်မှုဖြစ်**

ဖြစ်ပွားမှုမှာ ဧပြီ ၂၀ရက် နံနက် ၈နာရီအချိန်က အနာပိုလီ တောင်ကြားတွင် တည်ရှိသော ဝက်မွေးမြူရေးခြံ မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် ဝက်များ သေဆုံးခဲ့ရခြင်းဖြစ်ပြီး မီးလောင်မှုဖြစ်ပွားသည့်နေရာမှာ ဟာလီဖက်မြို့နှင့် ကီလိုမီတာ ၈၀ ခန့်ကွာဝေးကြောင်း သတင်းထုတ်ပြန်ချက် တစ်ရပ်၌ ဖော်ပြသည်။

**ကြိုးစားခဲ့ရ**

မီးလောင်မှုဖြစ်ပွားရာသို့ မီးသတ်ဝန်ထမ်းများစွာ ရောက်ရှိကာ မီးငြိမ်းသတ်ခဲ့ကြောင်း၊ အနီးပတ်ဝန်းကျင်ရှိ အဆောက်အအုံများ မီးမလောင်အောင် ကြိုးစားခဲ့ရကြောင်း သိရသည်။

**သေဆုံး**

မွေးမြူရေးခြံတွင် ဝက်ကောင်ရေ ၂၅၀၀ ခန့် မွေးမြူထားရှိပြီး ယခုအခါ အကောင် ၃၀၀ ခန့်သာ ပြန်လည်ထိန်းသိမ်းနိုင်ခဲ့ပြီး ဝက်အကောင် ၂၀၀၀ ကျော် သေဆုံးခဲ့ရသည်။ **အမ်အင်အေ၊ဆင်ဟွာ**



**စွမ်းရည်ပြသ**

**အိန္ဒိယနိုင်ငံ ဆရီနာဂါမြို့တွင် ကျင်းပသည့် စွမ်းရည်ပြပွဲတွင် အိန္ဒိယတပ်မတော်သားများ၏ ဆိုင်ကယ်စီးစွမ်းရည်ပြကွက်ကို ဧပြီ ၂၀ရက် က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)



**မွေးကင်းစကျား**

**တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း ဟေလုံကျန် ပြည်နယ်မူဒမ်ကျင်းဒေသရှိ တိရစ္ဆာန်ဥယျာဉ်တွင် မွေးကင်းစကျားပေါက်ကလေးတစ်ကောင်အား ကိုယ်အလေးချိန် ချိန်တွယ်နေသည်ကို ဧပြီ ၁၉ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)



**အမေရိကန်နိုင်ငံ မစ်ချီဂမ်မြို့ ဘိုးဘွားရိပ်သာတွင် သက်ကြီးရွယ်အိုများ လေ့ကျင့်ခန်းများ ပြုလုပ်နေသည်ကို ဧပြီ ၂၀ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# မက္ကဆီကို အနုပညာကိုယ်စားလှယ်အဖွဲ့ တရုတ်ယဉ်ကျေးမှုပွဲတော်သို့လာရောက်ပြသမည်

**ပေကျင်း ဧပြီ ၂၂**

မက္ကဆီကိုနိုင်ငံမှ အနုပညာကိုယ်စားလှယ်အဖွဲ့သည် ဧပြီ၂၈ရက်တွင် ကျင်းပမည့် 'ပေကျင်း၌တွေ့ကြပါစို့' ဟူသော အမျိုးသားယဉ်ကျေးမှုပွဲတော်သို့ လာရောက်ကြမည်ဖြစ်သဖြင့် ပေကျင်း၌ မက္ကဆီကိုယဉ်ကျေးမှုနှင့်ပတ်သက်၍ တစ်ကြိမ်တစ်ခါမျှ မပြသဖူးသည့် အကြီးဆုံးပြသမည့် ပွဲတစ်ပွဲဖြစ်ကြောင်း ဆင်ဟွာက ဖော်ပြသည်။

## ဆက်ဆံရေးကောင်းမွန်

ယခုကဲ့သို့ ယင်းပွဲတော်သို့ မက္ကဆီကိုက ပူးပေါင်းပါဝင်ပြသခြင်းသည် လွန်ခဲ့သည့်၃၄နှစ်က သံတမန် ဆက်ဆံရေးထူထောင်ခဲ့ကတည်းက မက္ကဆီကို-တရုတ် ဆက်ဆံရေးမှာ တည်ငြိမ်ကောင်းမွန်လျက်ရှိသည်ကို မီးမောင်းထိုးပြလိုက်သကဲ့သို့ ဖြစ်ကြောင်း တရုတ်နိုင်ငံဆိုင်ရာ မက္ကဆီကို သံအမတ် ဆာဂျီယိုလေလိုပက်က ပြောကြားသည်။

## ပြသပြီးဖြစ်

တရုတ်နိုင်ငံကဲ့သို့ မက္ကဆီကိုနိုင်ငံသည် မိမိတို့၏ရှည်ကြာပြီဖြစ်သော သမိုင်းကြောင်းနှင့် ရှေးဟောင်းလူ့ယဉ်ကျေးမှုကို ဂုဏ်ယူဝမ်းမြောက်မိကြောင်း၊ ယခုအချိန်အထိ မက္ကဆီကိုနိုင်ငံသည် ယူနက်စကိုပြပွဲတွင် (၂၁)ကြိမ် ပြသပြီးဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

မိမိတို့အစိုးရသည် မက္ကဆီကို- တရုတ်ဆက်ဆံရေးကို အထူးအလေးထားကြောင်း၊ မက္ကဆီကိုအနုပညာကိုယ်စားလှယ်အဖွဲ့သည်လည်း မိမိတို့၏ ယဉ်ကျေးမှုဆိုင်ရာများကို ပြသသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

# ရုရှားအာကာသကုန်တင်ယာဉ် ပရိုဂရက် အမ်-၅၇ နိုင်ငံတကာအာကာသယာဉ်စခန်းသို့ မကြာမီလွှတ်တင်မည်

မော်စကို ဧပြီ ၂၂

**ရုရှားနိုင်ငံ၏ ပရိုဂရက်အမ်-၅၇အာကာသကုန်တင်ယာဉ်ကို လာမည့်ဇွန် ၁၆ရက်တွင် အာကာသသို့လွှတ်တင်ရန် စီစဉ်ထားကြောင်း အမေရိကန်အာကာသအေဂျင်စီ (နာဆာ)က ပြောကြားသည်ဟု ရုရှားအာကာသအေဂျင်စီက ဧပြီ ၁၉ရက်၌ ပြောကြားသည်။**

နာဆာအနေဖြင့် ပရိုဂရက်အမ်-၅၇ အာကာသကုန်တင်ယာဉ်ကို အချိန်စောပြီး လွှတ်တင်ရန် စီစဉ်ခဲ့ခြင်းမှာ နောက်တစ်ကြိမ် လွှတ်တင်မည့် ဒစ္စကာဗာရီအာကာသလွန်းပြန်ယာဉ်လွှတ်တင်မှုကို မေလမှ ဇူလိုင်လသို့ ရွှေ့ဆိုင်းခဲ့ခြင်းကြောင့် ဖြစ်ကြောင်းလည်း ရုရှားအာကာသအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။

## ပြင်ဆင်မှုပြုလုပ်

နိုင်ငံတကာ အာကာသယာဉ်စခန်းတွင် အမေရိကန်အာကာသယာဉ်မှူး ဂျက်ဖ်ဖာရီဝီလမ်စ်နှင့် ရုရှားအာကာသယာဉ်မှူး ပါဗယ်ဗီနိုဂရာဒေါ်ဖ်တို့ နှစ်ဦးက ရက်သတ္တပတ်များစွာ ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်သည်။

## ကျန်ရှိခဲ့

ဒစ္စကာဗာရီ အာကာသယာဉ်ကို ပုံမှန်အားဖြင့် မတ်လတွင် လွှတ်တင်ရမည်ဖြစ်သော်လည်း ပျံသန်းမှု လုံခြုံရေးအတွက် ဆောင်ရွက်ဖွယ်ကိစ္စရပ်များ ပြုလုပ်ရန် ကျန်ရှိခြင်းကြောင့် ရက်ရွှေ့ဆိုင်းခဲ့ရခြင်း ဖြစ်သည်။

## ခရီးထွက်ခွာမည်

ဒစ္စကာဗာရီ အာကာသယာဉ်ကို ဇူလိုင်၁ရက်နှင့် ၁၉ရက်အကြား အာကာသသို့ လွှတ်တင်ရန်အတွက် နာဆာမှ အုပ်ချုပ်ရေးအရာရှိ မိုက်ကယ်ဂရင်ဖန် အနေဖြင့် ရုရှားနိုင်ငံသို့ ခရီးထွက်ခွာရန် ရှိနေသည်။

ယခုလွှတ်တင်မည့် ရုရှားနိုင်ငံ၏ ပရိုဂရက်အမ်-၅၇ အာကာသကုန်တင်ယာဉ်သည် ရုရှားနိုင်ငံ၏ (၂၂)ကြိမ်မြောက် အာကာသ ကုန်တင်ယာဉ်ဖြစ်သည်။ ၎င်းအာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသယာဉ် စခန်းသို့ အစားအသောက်၊ ရေနှင့် လောင်စာဆီများအပါအဝင် ကုန် တန်ချိန် ၂ဒသမ ၅တန်ကို သယ် ဆောင်သွားမည် ဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ကမ္ဘာတစ်လွှား ထူးထူးခြားခြား

## အေဒီ ၉၀၀ခန့်က ရေနွေးအိုး

**အေဒီ ၉၀၀ခန့်က ပြုလုပ်ခဲ့သော ရေနွေးအိုးတစ်လုံးကို တွေ့ရစဉ်။** (အောက်ပုံ)

အဆိုပါ ရေနွေးအိုးကို တရုတ်နိုင်ငံတွင် တွေ့ရှိရခြင်းဖြစ်ပြီး အမြင့် ၂ဒသမ ၄လက်မ ရှိကာ အရှည် ၃ဒသမ ၅လက်မ ရှိသည်။ ခန္ဓာကိုယ်ဝသော ငါးတစ်ကောင်၏ ပုံသဏ္ဌာန်အတိုင်း မြေကြီးဖြင့်ပြုလုပ်ထားခြင်းဖြစ်ပြီး လက်ရာကောင်းမွန်သေသပ်၍ အေဒီ ၉၀၀ခန့်က ပြုလုပ်ခဲ့သော ပစ္စည်းဖြစ်ကြောင်း သုတေသနပညာရှင်များက ခန့်မှန်းပြောကြားထားသည်။

**(အင်တာနက်)**





## ကမ္ဘာ့အရှည်ဆုံး ကြက်ဥခေါက်မုန့်

**ကမ္ဘာ့အရှည်လျားဆုံး ကြက်ဥခေါက်မုန့် တစ်ခုကို တွေ့ရစဉ်။** (အပေါ်ပုံ)

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်တွင် တောင်ကိုရီးယား နိုင်ငံသား ၁၀ဦးက အရှည် ၂၆မီတာရှိပြီး ဆန် ကီလို ၁၀၀ ဂရမ်၊ ကြက်ဥများဖြင့်ပြုလုပ်ထားသော မုန့်ပြားအချပ် ၅၀၊ ဟင်းသီးဟင်းရွက် ကီလို၁၀၀ ဂရမ်တို့ကို ရောပြီး ကြက်ဥ ခေါက်မုန့်ပြုလုပ်ရာ စုစုပေါင်း ၂၇မိနစ်သာ ကြာမြင့်ခဲ့ကြောင်းနှင့် ၎င်းကြက်ဥခေါက်မုန့်မှာ ကမ္ဘာပေါ်၌ အရှည်လျားဆုံး ကြက်ဥခေါက်မုန့်ဖြစ်ကြောင်း သိရသည်။

**(အင်တာနက်)**



**ဟောင်ကောင်ရှော့ပင်းမောလ်တွင် ကျင်းပသည့် အရောင်းမြှင့်တင်ရေးအခမ်းအနား၌ တောင်ကိုရီးယား စောင်းသမားတစ်ဦး လျှပ်စစ်စောင်းအား တီးခတ်ဖျော်ဖြေနေသည်ကို ဧပြီ ၂၀ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# ဗီယက်နမ်၌ အိုင်တီနည်းပညာ ဖွံ့ဖြိုးတိုးတက် လူ ၁၀၀လျှင် အင်တာနက်သုံးစွဲသူ ၁၂ဦး ရှိလာမည်

**ဟန္နိုင်း ဧပြီ ၂၂**

ဗီယက်နမ်နိုင်ငံတွင် မိုလ်ဘိုင်းဖုန်းနှင့် ကွန်ပျူတာဂိမ်းများ သုံးစွဲမှုများပြားလာရာ လာမည့် ၂၀၁၀ ပြည့်နှစ်တွင် ကုမ္ပဏီများအနေဖြင့် လက်ရှိအနေအထားမှ အမေရိကန်ဒေါ်လာ ၈၃သန်းအထိ အမြတ်ငွေများ တိုးတက်လာမည်ဟု ခန့်မှန်းထားကြောင်း ဗီယက်နမ်အရာရှိ တစ်ဦးက ဧပြီ၂၀ရက်၌ ပြောကြားသည်။

## ပြောကြား

ဗီယက်နမ်ပြည်တွင်း ဈေးကွက်တွင် ကွန်ပျူတာကုမ္ပဏီပေါင်းများစွာ တိုးတက်လာမည်ဖြစ်ပြီး အောင်မြင်မှုများလည်း ရရှိနိုင်မည်ဖြစ်ကြောင်း ဗီယက်နမ်ဆော့ဖ်ဝဲလ်အဖွဲ့ချုပ် (ဗီနာဆာ)၏ ဒုတိယဥက္ကဋ္ဌ တွန်ဟိုတန်က ပြောကြားသည်။

ဗီယက်နမ်နိုင်ငံတွင် တောင်ကိုရီးယားနှင့် တရုတ်တို့မှ တင်သွင်းထားသော ကွန်ပျူတာနှင့် အသုံးအဆောင်ပစ္စည်းများ တွင်ကျယ်စွာရှိနေပြီး တောင်ကိုရီးယားမှ ပစ္စည်းများ အသုံးပြုသူ တစ်သန်းခန့်ရှိနေကာ တရုတ်မှ ပစ္စည်းများကို အသုံးပြုသူ ကိုးသိန်းခန့် ရှိနေသည်။

## ပိုမိုထုတ်ရန်စီစဉ်

ဗီယက်နမ်နိုင်ငံတွင် ကွန်ပျူတာ ဂိမ်းကစားသူ တိုးတက်များပြားနေသလို ကွန်ပျူတာအသုံးပြုသူများလည်း များပြားလာလျက်ရှိသည်။ ထို့ကြောင့် ကွန်ပျူတာဂိမ်းအစီအစဉ်များ ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှုများအပြင် ကွန်ပျူတာအသုံးအဆောင်ပစ္စည်းများကို ပိုမိုထုတ်လုပ်သွားရန်လည်း စီစဉ်လျက်ရှိသည်။

ဗီယက်နမ်နိုင်ငံတွင် လူဦးရေ ၈၃ဒသမ၁သန်းရှိရာ အင်တာနက် အသုံးပြုသူမှာ ၁၁ဒသမ၈သန်း ရှိနေသည်။

ဗီယက်နမ်နိုင်ငံတွင် အိုင်တီနည်းပညာ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဆက်သွယ်ရေးလုပ်ငန်းများလည်း တိုးတက်လာရာ ယခုအခါ ၁၀၀လျှင် ၃၂ ဦးမှာ တယ်လီဖုန်းသုံးစွဲနိုင်သူများ ဖြစ်နေသည်။ ထို့အပြင် ၂၀၁၀ ပြည့်နှစ်တွင် လူ ၁၀၀လျှင် ၁၀ ဦးကျော်မှာ ကိုယ်ပိုင်ကွန်ပျူတာများ သုံးစွဲနိုင်နေပြီး အင်တာနက်သုံးစွဲသူ ရှစ်ဦးမှ ၁၂ ဦးအထိ ရှိလာမည် ဖြစ်ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အာဆီယံနိုင်ငံများနှင့် မြန်မာနိုင်ငံအကြားဆက်ဆံရေးများ မည်သည့်အတားအဆီးမျှမရှိ မိတ်ဆွေနိုင်ငံများ၏ အကြံပြုချက်၊ အကြံပေးချက်များ အစဉ်လေးစား နိုင်ငံရေးအရ ဖိအားပေးမှုများဖြစ်ခဲ့လျှင်သာ လက်ခံနိုင်မှုရှိမည်မဟုတ်

ရန်ကုန် ဧပြီ ၂၂

**နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘော အစည်းအဝေးသို့ တက်ရောက်ရန် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီကျွန်းသို့ ဧပြီ ၁၉ ရက် မွန်းလွဲ ၂ နာရီ ၅ မိနစ်တွင်ရောက်ရှိရာ အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး Mr. Kristio Wahyono နှင့် သံတမန်ရေးရာဦးစီးဌာနမှ တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုကြသည်။**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် ယင်းနေ့ညနေ ၅ နာရီတွင် အခြားသောအာဆီယံ နိုင်ငံခြားရေး ဝန်ကြီးများနှင့်အတူ ဥဘတ်အပန်းဖြေစခန်း Bali Banjar ခန်းမ၌ အာဆီယံပဋိညာဉ်စာတမ်း ရေးဆွဲရေးဆိုင်ရာ ထင်ရှားသော ပုဂ္ဂိုလ်များ(Eminent Persons Group-EPG)နှင့်တွေ့ဆုံရာတွင် အာဆီယံ၏ မျှော်မှန်းချက်ကို ၂၀၂၀ ခုနှစ်လွန် ကာလအတွက် မျှော်မှန်း သတ်မှတ်ရေး၊ အခြေခံမူများနှင့် ရည်မှန်းချက်များချမှတ်ရေး၊ အာဆီယံ အတွင်း အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခွင့်ပြုရေး၊ အာဆီယံ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုပြုမည့် နယ်ပယ်များ၊ အာဆီယံ၏ ပင်မ အဖွဲ့အစည်းများဖွဲ့စည်းရေးနှင့်ယင်းတို့၏ လုပ်ငန်းဆောင်ရွက်ပုံနည်းလမ်းများ၊ အာဆီယံ၏ ပြင်ပဆက်ဆံရေး၊ ပဋိပက္ခ ဖြေရှင်းမှုဆိုင်ရာ ထိရောက်မည့် ယန္တရားဖန်တီးရေး၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံး၏ ဖွဲ့စည်းမှု၊ အာဆီယံပဋိညာဉ်စာတမ်းအတည်ပြုရေး၊ အာဆီယံ ရန်ပုံငွေထည့်ဝင်မှုစသည့်ကိစ္စရပ်များအပေါ် အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့သည်။ ယင်းတွေ့ဆုံပွဲကို ညနေ ၆ နာရီ မိနစ် ၂၀ တွင် ရုပ်သိမ်းခဲ့သည်။

ယင်းနောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အလုပ်သဘော ညစာစားပွဲကို ည ၇ နာရီတွင်ကျင်းပရာ ဝန်ကြီးဦးဉာဏ်ဝင်း တက်ရောက်ပြီး ညစာစားပွဲအပြီးတွင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အလုပ်သဘော ဆွေးနွေးပွဲကို ဆက်လက်တက်ရောက်သည်။ ယင်းအလုပ်သဘောဆွေးနွေးပွဲတွင် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့်ခရီးစဉ်ကို ရှင်းလင်းတင်ပြရာ၌ ၎င်း၏ မြန်မာနိုင်ငံ ခရီးစဉ်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်တိုး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူးတို့နှင့် လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးနိုင်ခဲ့ကြောင်း၊ ဤသို့ အောင်မြင်သော ခရီးစဉ်ကို ဆက်လက် ဆောင်ရွက်သွားရန် မျှော်လင့်ထားကြောင်း၊ အာဆီယံ နိုင်ငံများနှင့် မြန်မာနိုင်ငံတို့အကြားတွင် နှစ်နိုင်ငံအချင်းချင်း ဆက်ဆံရေးများ၌ မည်သည့် အခက်အခဲ အတားအဆီးမျှ မရှိကြောင်း၊ အာဆီယံ၏ ထုံးတမ်းအစဉ်အလာအတိုင်း တစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်း မဟုတ်ဘဲ ထိတွေ့ဆက်ဆံရေးနှင့် အကြံဉာဏ်ကောင်းများ ပေးရေးကို ဆက်လက်ဆောင်ရွက်သွားလိုကြောင်း တင်ပြခဲ့သည်။

**များစွာအကျိုးရှိခဲ့**

အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးကလည်း အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် ခရီးစဉ်ကို ဆက်လက်ရှင်းလင်း တင်ပြရာတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ၏ မြန်မာနိုင်ငံခရီးစဉ်နှင့် ပတ်သက်၍ အားရကျေနပ်မိကြောင်း၊ မြန်မာထိပ်တန်းခေါင်းဆောင်ငါးဦးနှင့် အမြင်ချင်းဖလှယ်နိုင်ခဲ့သည့်အတွက်လည်း များစွာအကျိုးရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

ဝန်ကြီးဦးဉာဏ်ဝင်းက ၂၀၀၆ ခုနှစ် မတ်လအတွင်းအင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ၏မြန်မာနိုင်ငံခရီးစဉ်၊ အိန္ဒိယ သမ္မတနိုင်ငံ သမ္မတ၏ မြန်မာနိုင်ငံ ခရီးစဉ်နှင့် မလေးရှားနိုင်ငံခြားရေး ဝန်ကြီးတို့၏ခရီးစဉ်များကို ဖြည့်စွက် ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံ သည် မိတ်ဆွေနိုင်ငံများ၏ အကြံပြုချက်၊ အကြံပေးချက်တို့ကို အစဉ်လေးစားကြောင်း၊ သို့သော်လည်း နိုင်ငံရေးအရ ဖိအားပေးမှုများဖြစ်ခဲ့လျှင်သာ လက်ခံနိုင်မှုရှိမည်မဟုတ်ပါကြောင်း တင်ပြခဲ့သည်။ မြန်မာနိုင်ငံတွင် တွေ့ရှိရသော ကြက်ငှက် တုပ်ကွေးရောဂါ အခြေအနေနှင့် ပတ်သက်၍ ဝန်ကြီးဦးဉာဏ်ဝင်းက ဆက်လက်တင်ပြရာတွင် မြန်မာနိုင်ငံ၌ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားတွေ့ရှိရမှု အခြေအနေနှင့် နိုင်ငံတော်အစိုးရ၏ ထိရောက်သော အရေးယူဆောင်ရွက်မှုများ၊ ဒေသအတွင်း အဖွဲ့အစည်း၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိမှုများကို တင်ပြပြီး ယခုအခါ ကြက်ငှက်တုပ်ကွေးရောဂါကို ကောင်းစွာထိန်းချုပ်နိုင်ခဲ့ပြီးဖြစ်ကြောင်း အသိပေးပြောကြားခဲ့သည်။

ထိုင်းနိုင်ငံခြားရေး ဝန်ကြီးက ACMECS နိုင်ငံများအကြား ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တိုက်ဖျက်ရေးအတွက် ဝန်ကြီးအဆင့် အစည်းအဝေးကို ထိုင်းနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် မေလဒုတိယပတ်အတွင်း လက်ခံကျင်းပလိုပါကြောင်း ကမ်းလှမ်းအဆိုပြုသည်။

**အလုပ်သဘောဆွေးနွေး**

ယင်းအလုပ်သဘော ဆွေးနွေးပွဲ အတွင်း ပြင်သစ်နိုင်ငံအနေဖြင့် အာဆီယံ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်ကိုအဖွဲ့ဝင်အဖြစ် ပါဝင်လိုခြင်းကို အာဆီယံ နိုင်ငံခြားရေး ဝန်ကြီးများက ကြိုဆိုခဲ့ကြပြီး ကမ္ဘောဒီးယားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့၏ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အလှည့်ကျအဖွဲ့ဝင်အဖြစ် လျှောက်ထားမှုတွင် အာဆီယံက ထောက်ခံမှုပြုရေးကိစ္စ၊ ကမ္ဘောဒီးယားနိုင်ငံက အေပက်အဖွဲ့သို့ ဝင်ရောက်ရေးကိစ္စ၊ တီမောလက်စတာနိုင်ငံက အာဆီယံ လုပ်ငန်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်လိုခြင်း ကိစ္စ၊ ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် ရာထူးအတွက် အာဆီယံ ကိုယ်စားလှယ်အဖြစ် ထိုင်းနိုင်ငံဒုတိယ ဝန်ကြီးချုပ် ဆူရာကီယက်အား ဆက်လက် ထောက်ခံရေးကိစ္စ၊ အာရှ-ဥရောပ ထိပ်သီးဆွေးနွေးပွဲကိစ္စရပ်တို့အပေါ် ဆွေးနွေးခဲ့ကြပြီး အာဆီယံ အမြဲတမ်း ကော်မတီဥက္ကဋ္ဌ မလေးရှား နိုင်ငံခြားရေးဝန်ကြီးက အာဆီယံ ပါလီမန်များ အဖွဲ့ဥက္ကဋ္ဌနှင့် တွေ့ဆုံခဲ့ခြင်း အစီရင်ခံစာကို ဆက်လက် တင်ပြသည်။ အဆိုပါ အလုပ်သဘော ဆွေးနွေးပွဲကို ည ၁၀ နာရီ မိနစ် ၂၀ တွင် ရပ်နားလိုက်သည်။

အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘောအစည်းအဝေးကို ဧပြီ ၂၀ ရက် နံနက် ၈ နာရီခွဲတွင် မာယာဥဘတ် အပန်းဖြေစခန်း၏ Presidential Villa ၌ ဆက်လက်ကျင်းပရာ ဆွေးနွေးရန် ကျန်ရှိသည့် အာဆီယံအနေဖြင့် ဦးဆောင်မှု အခိက အခန်းကဏ္ဍတွင် ပါဝင်ရေးကိစ္စနှင့် ဗီယင်ကျွန်းလုပ်ငန်းအစီအစဉ်အကောင်အထည်ဖော်ရေး မဟာဗျူဟာ ချမှတ်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

**ညှိနှိုင်းခဲ့**

ယင်းသို့ ဆွေးနွေးကြရာတွင် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ အကြားဆက်ဆံရေး၊ အာဆီယံနိုင်ငံများအကြား ဖွံ့ဖြိုးမှု ကွာဟချက်ကျဉ်းမြောင်းစေရေးနှင့် ပိုမိုစည်းလုံးညီညွတ်မှုရှိရေးတို့ကို လည်းကောင်း၊ အာဆီယံ၏ဦးဆောင်မှုအခန်းကဏ္ဍ မြင့်တင်နိုင်မည့် နည်းလမ်းများကိုလည်းကောင်း၊ ဆွေးနွေးအဖြေရှာကြပြီး ဆွေးနွေးဖက်နိုင်ငံများနှင့် ထိပ်သီးအဆင့် ဆွေးနွေးရာတွင် အာဆီယံအနေဖြင့် တစ်သွေးတစ်သံတည်းပြောဆိုဆွေးနွေးနိုင်ရန် ယင်းအစည်းအဝေးများ မတိုင်မီ ခေါင်းဆောင်များ ကြိုတင်တွေ့ဆုံရေး သို့မဟုတ် ခေါင်းဆောင်များက တာဝန်လွှဲအပ်သူများ ကြိုတင်ညှိနှိုင်းပြီး ခေါင်းဆောင်များထံ တင်ပြရေး၊ ဆွေးနွေးဖက်နိုင်ငံများနှင့်တွေ့ဆုံရာတွင် အာဆီယံ၏ ဘုံသဘောထားကို တညီတညွတ်တည်း ဆွေးနွေးရေးတို့ကို ညှိနှိုင်းခဲ့ကြသည်။

ဆက်လက်၍ အာဆီယံ၏ ဦးဆောင်မှုအခန်းကဏ္ဍ မြင့်တင်ရေး အတွက် အတွင်းရေးမှူးချုပ်ရုံးကို ပိုမိုအားဖြည့်ဆောင်ရွက်ရန် နည်းလမ်းတို့ကိုလည်း ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ ဗီယင်ကျွန်းလုပ်ငန်း အစီအစဉ်အကောင် အထည်ဖော်ရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာ နိုင်ငံအလိုက် အကောင်အထည်ဖော်သည့် လုပ်ငန်းစဉ်များသည် ဗီယင်ကျွန်းလုပ်ငန်းစဉ် အကောင်အထည်ဖော်မှုနှင့် ဆက်စပ်တူညီနေပါက တစ်ပေါင်းတည်းပေါင်းစပ် ဖော်ပြရေးကိစ္စရပ်များကိုပါ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ၏အလွတ်သဘော အစည်းအဝေးကို မွန်းတည့် ၁၂ နာရီ တွင် ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဝန်ကြီးဦးဉာဏ်ဝင်းသည် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံပဋိညာဉ်စာတမ်းရေးဆွဲရေး ထင်ရှားသည့် ပုဂ္ဂိုလ်များအား အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတက ဘာလီကျွန်းရှိ Tampaksiring Palace ၌ တည်ခင်းသော နေ့လယ်စာ စားပွဲသို့ တက်ရောက်ခဲ့သည်။

အစည်းအဝေး ကာလအတွင်း ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဧပြီ ၁၉ ရက် ညနေ ၄ နာရီ မိနစ် ၄၀ တွင် ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာကန်တာသီဆုပါမွန်ခေါ်နှင့် မာယာဥဘတ် အပန်းဖြေစခန်းရှိ စာကြည့်တိုက်၌ သီးခြားတွေ့ဆုံပြီး လက်ရှိဖြစ်ပေါ်နေသော ဒေသအတွင်းနှင့် နိုင်ငံတကာ အရေးကိစ္စရပ်များ၊ ACMECS နိုင်ငံများအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များအပေါ် ဆွေးနွေးခဲ့ကြသည်။

ဝန်ကြီးဦးဉာဏ်ဝင်းခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ် အဖွဲ့သည် ဧပြီ ၂၁ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။ **(သတင်းစဉ်)**

## ကုလားအုတ်နို့ သောက်သုံးခြင်းဖြင့် ကင်ဆာ၊ ဆီးချို၊ အယ်လ်ဇိုင်းမားနှင့် HIV/AIDS ရောဂါများကာကွယ်နိုင်

**ကုလားအုတ်နို့သည် အလွန်အာဟာရဓာတ်ပြည့်ဝသော အစားအစာဖြစ်ကြောင်း၊ ကျန်းမာရေးအတွက်လည်းအကျိုးကျေးဇူးပြုသည့်အပြင် အစားအစာရောင်းချသည့်ဆိုင်များတွင် စနစ်တကျထုပ်ပိုးထားပါက တာရှည်စွာခံကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။**

ထောက်ခံ

**ကုလားအုတ်နို့တွင် ဗီတာမင် ဘီ၊ ဗီတာမင်စီနှင့် သံဓာတ်များပါဝင်မှုသည် နွားနို့တွင်ပါဝင်သောနှုန်းထက် ဆယ်ဆခန့်ပိုမိုပါဝင်ကြောင်း၊ ဈေးပေါပေါဖြင့် ထုတ်ယူရရှိနိုင်ပြီး အာရပ်ကမ္ဘာ၌ ရိုးရာဓလေ့သဖွယ် နှစ်သက်စွာ သောက်သုံးလာသည့် နို့လည်းဖြစ်ကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကလည်း ထောက်ခံထားသည်။**

စမ်းသပ်ချက်

**ကုလားအုတ်နို့ကို သောက်သုံးခြင်းဖြင့် ကင်ဆာ၊ အိတ်ချ်အိုင်ဗွီနှင့် အေအိုင်ဒီအက်စ်၊ အယ်လ်ဇိုင်းမားရောဂါနှင့် အသည်းရောင်အသားဝါ စီရောဂါများကို ဟန့်တားကာကွယ်နိုင်ကြောင်း သုတေသနပြုချက်၌ ဖော်ပြထားသည်။ ထို့အပြင် နှလုံးရောဂါနှင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုလည်း လျော့နည်းကျဆင်းစေကြောင်း လက်တွေ့စမ်းသပ်ချက်အရ တွေ့ရှိရသည်ဟုဆိုသည်။**

တိုက်တွန်း

**ထို့ကြောင့် ကမ္ဘာ့ဈေးကွက်သို့ ကုလားအုတ်နို့များ တွင်တွင်ကျယ်ကျယ် တင်ပို့ရောင်းချနိုင်ရေးနှင့် လူများသောက်သုံးကြရေးကို ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို)က တိုက်တွန်းထားသည်။**

**ယခုအခါ ကုလားအုတ်နို့ကို အာရပ်ကမ္ဘာတွင် လူသန်း ၂၀၀ ခန့်၊ ဥရောပတွင် လူသန်းပေါင်းများစွာနှင့် အမေရိကနှင့် အာဖရိကတို့တွင်လည်း လူသန်းနှင့်ချီကာ သောက်သုံးမှုပြုနေကြပြီဖြစ်သည်။ ကုလားအုတ်နို့သည် လူ၏ဝဖြိုးမှုကိုလည်း လျော့ကျစေနိုင်သဖြင့် ကျန်းမာရေးအတွက် ကြီးမားစွာ အထောက်အကူပြုကြောင်း ဗြိတိသျှသုတေသနပညာရှင်များက ပြောကြားသည်။**

(ကိုးကား-အင်တာနက်)



## အင်တာနက် သတင်းနှင့် ဓာတ်ပုံများ



## ကလေးငယ်များ သေဆုံးရမှုမှာ မိခင်များပေါ့ဆမှုကြောင့်မဟုတ်ဟုဆို

ကမ္ဘာပေါ်တွင် အနေအထားအမျိုးမျိုးကြောင့် သေဆုံးနေရသော ကလေးငယ်များအရေးအတွက် တိုးမြင့်လျက်ရှိရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်းခြောက်နိုင်ငံမှ အမျိုးသမီးခြောက်ဦးတို့အား ၎င်းတို့၏ ကိုယ်ဝန်ဆောင်ဘဝနှင့် မိခင်ဘဝများ၌ တွေ့ကြုံရသော အနေအထားများကို နှိုင်းယှဉ်လေ့လာခဲ့ရာ ယခုအခါ ၎င်းတို့မွေးဖွားခဲ့သော ကလေးငယ်များ၏ အသက်မှာ တစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ နိုင်ငံခြောက်နိုင်ငံက အမျိုးသမီးခြောက်ဦးကို ရွေးချယ်ခဲ့ရာတွင် ဘိုလီးဗီးယားနိုင်ငံမှ ဒါမီရာနာမာမာနီ၊ အီဂျစ်နိုင်ငံမှ ဆာမက်မိုဟာမက်၊ အီသီယိုးပီးယားနိုင်ငံမှ ဟိုင်ဝိုဒ်အီဘရာဟင်၊ အိန္ဒိယမှ ရီနူရှာမာ၊ လာအိုနိုင်ငံမှ ဘောင်လစ်နှင့် အင်္ဂလန်နိုင်ငံမှ ကလာရီရိုချီတို့ဖြစ်သည်။

အဆိုပါ အမျိုးသမီးခြောက်ဦးတို့က ၎င်းတို့၏ ကလေးငယ်များနှင့် ပတ်သက်၍ ပြောကြားရာတွင် အားလုံးမှာ တူညီသောချစ်ခင်ယုယမှုနှင့် ကလေးငယ်များ ပြုစုမှုတို့ တူညီကြသည်ကို တွေ့ရှိရသဖြင့် ကလေးငယ်များ သေဆုံးမှုမှာ မိခင်များ၏ပေါ့ဆမှုကြောင့်မဟုတ်ကြောင်း တွေ့ရှိရသည်။

ကမ္ဘာပေါ်တွင် ပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှု၊ သောက်သုံးရေ မသန့်ရှင်းမှု၊ လေထုညစ်ညမ်းမှုတို့ကြောင့် နှစ်စဉ်ငါးနှစ်အောက်ကလေးများ သေဆုံးရမှုမှာ သုံးသန်းခန့်ရှိကြောင်း သိရသည်။

ထို့အတူ အခြားအကြောင်းများဖြစ်သော ကျန်းမာရေးနှင့် အထွေထွေ ပြဿနာများကြောင့် သေဆုံးရသည့်ကလေးမှာ ကမ္ဘာပေါ်တွင် နှစ်စဉ် ၁၀ သန်းခန့်ရှိနေကြောင်း ကုလသမဂ္ဂက ဖော်ပြသည်။

သို့သော်လည်း ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် ကလေးမွေးဖွားစဉ် သေဆုံးမှုမှာ လျော့နည်းကျဆင်းသွားကြောင်း၊ ကိုယ်ဝန်ဆောင်စဉ် သေဆုံးသည့် အမျိုးသမီးအရေအတွက်မှာ ငါးသောင်းခန့်ကျဆင်းသွားခဲ့ပြီး မွေးဖွားစဉ် သေဆုံးမှုမှာ ကမ္ဘာတစ်ဝန်း၌ လေးသန်းခန့်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတင်းထုတ်ပြန်ထားသည်။ **(ကိုးကား-အင်တာနက်)**

# ဧရာဝတီတိုင်း၌ မြစ်ကူး၊ချောင်းကူးတံတားကြီး ၄၂စင်းကို ကွင်းဆက်မိမိတည်ဆောက်ခဲ့ သွားရေးလာရေးလမ်းပွင့်သွားကာ စီးပွားရေးမှာ သိသိသာသာဖွံ့ဖြိုးတိုးတက်လာ

✡ ကျောဖုံးမှ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား ကျွန်းကုန်းကျေးရွာအနီးတည်ဆောက်မည့် ကျွန်းကုန်းတံတား တည်ဆောက်ရေးစီမံကိန်း ယာယီရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ကျွန်းကုန်းတံတားတည်ဆောက်ရန် မြေနေရာလေးနေရာ ရွေးချယ်ခဲ့မှု၊ ရွေးချယ်သည့် နေရာများအနက် တံတားတည်ဆောက်ရန် အသင့်လျော်ဆုံးဖြစ်သည့်



အမှတ်(၂)တံတားအူကြောင်းနေရာ၌ တံတားတည်ဆောက်ရန် ရွေးချယ်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

## ရှင်းလင်းတင်ပြ

ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဒုတိယ အင်ဂျင်နီယာချုပ်(တံတား) ဦးတင်မောင်ဦးက ကျွန်းကုန်းတံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက လိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး တံတားတည်ဆောက်ရန် ရွေးချယ်ထားသည့် နေရာပြမြေပုံကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တာဝန်ရှိသူများက တံတားတည်ဆောက်မည့်နေရာနှင့် ပတ်ဝန်းကျင်အနေအထားကို ရှင်းလင်းပြသကြသည်။

## ကျွန်းကုန်းတံတား

တည်ဆောက်သွားမည့် ကျွန်းကုန်းတံတားမှာ ဝါးခယ်မ-ကျွန်းကုန်း-မြင်းကဆိပ်-ပုသိမ်လမ်းပေါ်၌ တည်ရှိသည်။

ကျွန်းကုန်းတံတားကို ဝါးခယ်မမြို့နယ် ကျွန်းကုန်းကျေးရွာနှင့် အိမ်မဲမြို့နယ် ကျုံကနိညောင်ဝိုင်းကျေးရွာအကြား ပြန်မလော့မြစ်ကို ဖြတ်၍ တည်ဆောက်သွားမည်ဖြစ်သည်။

## တစ်လမ်းမောင်းတံတား

တံတားအရှည်မှာ ပေ ၅၀၀ ခန့်ရှိမည်ဖြစ်သည်။ တံတားအပေါ်ထည်ကို ဘေလီကြိုးတံတားအဖြစ် တည်ဆောက်သွားမည်ဖြစ်ပြီး အကျယ် ၁၄ ပေရှိ တစ်လမ်းမောင်းတံတားဖြစ်သည်။

ဝါးခယ်မမှ ပုသိမ်သို့ ဆက်သွယ်သွားလာနိုင်သည့် ကားလမ်း သုံးလမ်းရှိသည်။ ယင်းတို့မှာ ၉၂ မိုင် ၁ ဖာလုံရှိ ဝါးခယ်မ-ကျုံကနောင်-ကန်ကလေး-ပုသိမ်လမ်း၊ ၈၆ မိုင်ရှိ ဝါးခယ်မ-ကျုံကနောင်-အိမ်မဲ-ဒါးက-ပုသိမ်လမ်း၊ ၆၅ မိုင်၇ဖာလုံရှိ ဝါးခယ်မ-ကျွန်းကုန်း-ရွာသစ်-အိမ်မဲ-ဒါးက-ပုသိမ် လမ်းတို့ဖြစ်သည်။

## အချိန်တိုသွားလာနိုင်

ကျွန်းကုန်းတံတားတည်ဆောက်ပြီးစီးပါက ဝါးခယ်မ-ကျွန်းကုန်း-မြင်းကဆိပ်-ပုသိမ်လမ်းအတိုင်းသွားလာနိုင်မည်ဖြစ်ပြီး ခရီးမိုင် ၅၅ မိုင် ၃ ဖာလုံသာရှိသဖြင့် ယခင်လမ်းများထက် ခရီးမိုင်တိုကာ အချိန်တိုဖြင့် ဒေသတစ်ခုနှင့်တစ်ခုကို ဆက်သွယ် သွားလာနိုင်မည်ဖြစ်သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် နံနက်၁၁နာရီတွင် ရဟတ်ယာဉ်များဖြင့် ဖျာပုံတံတားတည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြသည်။

## အကောင်အထည်ဖော်ဆောင်ရွက်မှုရှင်းလင်း

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ဖျာပုံတံတားတည်ဆောက်ရေးစီမံကိန်း လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုနှင့် တံတားစီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၇) ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဆယ်က တံတားလုပ်ငန်းဆောင်ရွက်ချက်များနှင့် ပြီးစီးမှုအခြေအနေများ၊ ရေအမြင့်ဆုံးအချိန်၌ပင် တံတားအောက်မှနေ၍ ရေယာဉ်များအန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက တံတားတည်ဆောက်ရေးစီမံကိန်း၊ လမ်းဖောက်လုပ်ရေးစီမံကိန်းများအတွက် စက်သုံးဆီနှင့် ကတ္တရာပံ့ပိုးပေးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

## ရေကောင်းရေသန့်ရရှိရေး

ဆက်လက်၍ ဖျာပုံခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်က ဖျာပုံမြို့နယ်၌ရေကောင်းရေသန့်ရရှိရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ဖျာပုံမြို့ သီရိအဏ္ဏာဝါခန်းမ၌ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

## စနစ်တကျလုပ်ကိုင်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် ဖျာပုံတံတားတည်ဆောက်ရေးစီမံကိန်းမှာ ပြီးစီးခါနီးပြီဖြစ်၍ သပ်သပ်ရပ်ရပ်၊ ခိုင်ခိုင်ခံ့ခံ့ဖြစ်အောင် စနစ်တကျဂရုပြုလုပ်ကိုင်ရန်လိုကြောင်း။

ဖျာပုံမြို့သည် စီးပွားရေးကောင်းသည့်မြို့ဖြစ်၍ ဤတံတားကြီးပြီးစီးသွားပါက စီးပွားကုန်သွယ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်လာဦးမှာ ဖြစ်ကြောင်း။

## သိသိသာသာဖွံ့ဖြိုးလာ

ယခုအခါ တစ်နိုင်ငံလုံး၌ ပေ၁၈၀အထက် တံတားကြီးပေါင်း၂၁၄စင်း တည်ဆောက်ခဲ့ပြီး ဧရာဝတီတိုင်း၌ပင် မြစ်ကူး၊ ချောင်းကူးတံတားကြီးပေါင်း ၄၂စင်းကို ကွင်းဆက်မိမိတည်ဆောက်ခဲ့ပြီးဖြစ်၍ ဧရာဝတီတိုင်းသည် သွားရေးလာရေး လမ်းပွင့်သွားကာ စီးပွားရေးမှာလည်း သိသိသာသာဖွံ့ဖြိုးလာကြောင်း၊



နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဖျာပုံမြို့ သီရိအဏ္ဏာဝါခန်းမ၌ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား လမ်းညွှန်မှာကြားစဉ်။ (သတင်းစဉ်)

ထို့ကြောင့် ခြုံလိုက်လျှင် မိမိတို့သည် နိုင်ငံတော်၏ လမ်းကွန်ရက်၌ လိုအပ်သော တံတားကြီးများကို ပြည့်စုံလုနီးပါး တည်ဆောက်ပြီးသွားပြီဖြစ်၍ တံတားများနှင့် ဆက်စပ်နေသည့် လမ်းများကောင်းအောင် ထိထိရောက်ရောက် လုပ်ကိုင်ရန်လိုကြောင်း။

## ဦးစားပေးဆောင်ရွက်

လမ်းများနှစ်ဟု သတ်မှတ်၍ လမ်းများကို တိုးတက်ကောင်းမွန်အောင် ဦးစားပေးဆောင်ရွက်ရန်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဖျာပုံတံတား တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

## ဖျာပုံတံတား

ဖျာပုံတံတားကို ဖျာပုံမြစ်ပေါ်ဖြတ်၍ ဖျာပုံမြို့ အမှတ်(၁)ရပ်ကွက်နှင့် ဒေးဒရဲမြို့နယ် အုန်းပင်ကျေးရွာအကြား ဆက်သွယ်တည်ဆောက်နေခြင်းဖြစ်သည်။

ဖျာပုံတံတား၏ ပင်မတံတားမှာ ၁၃၇၂ပေ ရှလက်မရှိပြီး ချဉ်းကပ်တံတားနှစ်ဖက်နှင့် ဆိုပါက တံတားအရှည် စုစုပေါင်း၃၉၃၂ပေ ရှလက်မရှိမည့် တံတားဖြစ်သည်။ တံတား၏ယာဉ်သွားလမ်းအကျယ်မှာ ၂၈ပေဖြစ်ပြီး တံတားတစ်ဖက်လျှင် ခြောက်ပေစီ ကျယ်သည့် လူသွားလမ်းတို့ ပါရှိသည်။

## ကြိုးပမ်းဆောင်ရွက်လျက်ရှိ

တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေ အကျယ်မှာ ၂၆၅ပေနှင့် အမြင့် ၃၆ပေရှိသည်။ ဖျာပုံတံတားကို မကြာမီကာလအတွင်း ပြီးစီးရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ဇက်ရေယာဉ်ဖြင့် ဖျာပုံမြို့သို့ ရောက်ရှိကြကြီး ဖျာပုံမြို့ ဖွံ့ဖြိုးတိုးတက်မှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဖျာပုံမြို့ သီရိအဏ္ဏာဝါခန်းမ၌ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

**ရှင်းလင်းတင်ပြ**



ဧရာဝတီတိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက် တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင် ရှင်းလင်း တင်ပြစဉ်။ (သတင်းစဉ်)





နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ကျွန်းကုန်းတံတားတည်ဆောက်မည့် မြေနေရာရွေးချယ်ခဲ့မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)



အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ပုသိမ်၊ မြောင်းမြ၊ ဟင်္သာတနှင့် မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်နှင့် ဒေးဒရဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

## ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲတွင် ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ဧရာဝတီတိုင်းအတွင်း ၂၀၀၅-၂၀၀၆ခုနှစ်တွင် မိုးရွာသွန်းမှု၊ မိုးစပါး၊နွေစပါး စိုက်ပျိုးမှုနှင့် အထွက်နှုန်းများ၊ အဓိကသီးနှံ(၁၀)မျိုး စိုက်ပျိုးမှုနှင့် သီးနှံအလိုက်အထွက်နှုန်းများ၊ အမယ်သစ်သီးနှံ ကော်ဖီ၊ ငရုတ်ကောင်း၊ ရော်ဘာနှင့် သစ်ဆိမ့်စိုက်ပျိုးမှုများ၊ ခြံစည်းရိုးကြက်ဆူ သုံးနှစ်အတွင်း ဧကငါးသိန်းစိုက်ပျိုးသွားမည့်အစီအစဉ်များ၊ ဒေသဆန်ဖူလုံပိုလျှံမှု အခြေအနေများ၊ ငါး၊ပုစွန်၊ ကြက်၊ ဘဲ မွေးမြူမှုများ၊ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ဧရာဝတီတိုင်းအတွင်းရှိ လူတစ်ဦးချင်းဝင်ငွေနှင့် တိုင်း၏ GDP တိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

## ထပ်မံအထောက်အကူပြု

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်က တည်ဆောက်အကောင်အထည်ဖော်ပေးခဲ့သည့် တံတားကြီးများအနက် တံတားကြီး ၄၂စင်းသည် ဧရာဝတီတိုင်းအတွင်း တည်ရှိပါကြောင်း၊ နိုင်ငံတော်၏ ဖန်တီးတည်ဆောက်မှုကြောင့် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်သည်နှင့်အမျှ ဧရာဝတီတိုင်းသည် လျင်လျင်မြန်မြန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာလျက်ရှိကြောင်း၊ ပုသိမ်-မော်တင်လမ်းကို ဆက်လက်ဖောက်လုပ်လျက်ရှိရာ သွားရေးလာရေး ပိုမိုလွယ်ကူလာမည်သာမက လမ်းဘေးဝဲ/ယာတစ်လျှောက်၌ စိုက်ပျိုးမြေသစ်များဖြစ်ပေါ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုကို ထပ်မံအထောက်အကူပြုမှာဖြစ်ကြောင်း၊

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

# ဒေသတာဝန်ခံများ၊ ဝန်ထမ်းများနှင့် ပြည်သူများ ရည်မှန်းချက်ရှိရှိ ကြိုးစားအလုပ်လုပ်

**အခြေအနေကောင်းများကို အပြည့်အဝအသုံးချ၍ စွမ်းအားပြည့် ကြိုးစားအားထုတ်လိုက်မည်ဆိုလျှင် ဧရာဝတီတိုင်းသည် နိုင်ငံတော်အတွက် အဓိကအထောက်အကူပြုနေသည့် တိုင်းနယ်မြေအဖြစ် ခိုင်ခိုင်မာမာ ဆက်လက်ရပ်တည်မှာ ဖြစ်သကဲ့သို့ ပြည်သူတစ်ဦးချင်း၏ အကျိုးစီးပွား၊ ဒေသ၏ အကျိုးစီးပွားလည်း ပိုမိုဖြစ်ထွန်းလာမှာဖြစ်၍ ဒေသတာဝန်ခံများ၊ ဝန်ထမ်းများနှင့် ပြည်သူများ အနေဖြင့် ရည်မှန်းချက်ရှိရှိ ကြိုးစားအလုပ်လုပ်။**

23-4 (09).p65 2 1/5/32, 1:35 PM

# ပြန်လည်ဆန်းသစ်လာသည့် တကောင်းမြို့ဟောင်း

## အရှင်အာဒိစ္စဝံသ

မြန်မာသက္ကရာဇ် ၁၃၆၆ခုနှစ် ဝါခေါင်လဆန်း ၄ရက် (၂၀၀၄ ခုနှစ် ဩဂုတ်လ ၁၉) ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင်–

**ပျူအရိုးအိုးနှင့် ရေတကောင်းများ တကောင်းဒေသ၌ အစုလိုက်အပြုံလိုက်တွေ့ရှိ။ ဟန်လင်း ဗိဿနိုး သရေခေတ္တရာမြို့ဟောင်းများ၌ တွေ့ခဲ့ရသော ပစ္စည်းများဖြစ်။ တကောင်းဒေသကို ရှေးဦး ပျူတို့ နေထိုင်ရာဒေသအဖြစ် သက်သေပြနိုင်ပြီ** ဟူသောသတင်းကို ဖတ်လိုက်ရသည်။ ထိုသတင်းဖတ်ပြီး မကြာမီ ၁၃၆၆ခုနှစ် ဝါခေါင်လပြည့်ကျော် ၃ရက် (၂၀၀၄ခုနှစ် စက်တင်ဘာလ ၂ရက်)နေ့ထုတ် သတင်းစာများတွင်–

**တကောင်းမှ ပျူအထောက်အထားများ ထပ်မံတွေ့ရှိ**ဟု သတင်းခေါင်းစဉ်ပုံများနှင့် ဖော်ပြထားသည်။ ထိုသတင်းများ ဖတ်ရစဉ်ကပင် တကောင်းကို စိတ်ဝင်စားမိပါသည်။ တကောင်းသည် မြန်မာ့သမိုင်းကို မွေးဖွားရာ ဒေသဖြစ်သည်။ မြန်မာနှင့်တကောင်းသည် ခွဲခြား၍ မရပေ။ ထိုကြောင့်ပင် ရှေးပညာရှင်များက 'မြန်မာအစ တကောင်းက'ဟု အဆိုပြုခဲ့ကြသည်။

တကောင်းမြို့သို့ ခရီးတစ်ထောက် ရောက်ခွင့်ကြုံခဲ့ပါသည်။ အချိန်ယူ မလေ့လာခဲ့ရ၍ တဒင်္ဂခရီးဟုပင် ဆိုရမည်။ တကောင်းမြို့ဟောင်းရှိ ရှေးဟောင်းလေးမျက်နှာဘုရားကြီး ပြန်လည်တည်ဆောက်ပြီးစီး၍ ဘုရားကြီးအထက် ဌာပနာတော်ပိတ်ပွဲ၊ ရွှေထီးတော်တင်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ခြင်း အခမ်းအနားကို ၁၃၆၇ခုနှစ် တပို့တွဲလဆန်း ၅ရက် (၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ ၂ရက်) ကြာသပတေးနေ့တွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် ကြီးမှူးကျင်းပသည့် ပူဇော်ပွဲသို့ ရောက်ခဲ့ရခြင်း ဖြစ်သည်။

လေးမျက်နှာဘုရားကြီး ထင်ရှားစွာဖြစ်ပေါ်လာခြင်းကား ဗုဒ္ဓဘာသာဝင် မြန်မာပြည်သူတို့၏ ထက်သန်သောစေတနာနှင့် ဗုဒ္ဓသာသနာတော်ကို ယုံကြည်သော သဒ္ဓါတရားကြောင့် ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီးသည် ၁၃၆၅ခုနှစ် ကဆုန်လပြည့်ကျော် ၃ရက် (၂၀၀၃ခုနှစ် မေလ ၁၀)ရက်နေ့တွင် တကောင်းသို့ ရောက်ခဲ့သည်။ ထိုသို့ရောက်ရှိပြီး ဒုတိယတကောင်းမင်းဆက် သတိုးမဟာဓမ္မရာဇာ သာသနာတော်နှစ် (၉၈)ခု၌ တည်ထားခဲ့သော ရွှေစည်းခုံ ရှေးဟောင်းဘုရားအတွင်း တောရှင်းကြသည်။ ရှေးဟောင်းဘုရားပျက်ကြီးတစ်ဆူ တွေ့ရှိရကြောင်းနှင့် အုတ်ခွက်ဘုရားဟောင်းအများ တွေ့ရှိရကြောင်း သတင်းရရှိသဖြင့် မေလ ၁၉ရက်နေ့ နံနက်ပိုင်းတွင် တောရှင်းရှာဖွေရာ အမြင့်ပေ ၂၀ကျော်ခန့် ထုထည်လုံးပတ် ပေ ၉၀ ခန့်ရှိ ဘုရားဟောင်း အုတ်ကုန်းကြီးကို တွေ့ရသည်။ အောက်ခြေအုတ်ခုံမှာ မြေပြင်နှင့် တစ်သားတည်း ရှိနေသည်။

စေတီတော်ဟောင်း အုတ်ကုန်းကြီး၏ အရှေ့ဘက်နှင့် အနောက်ဘက်မျက်နှာတွင် အုတ်ဖြင့်တည်ထားသော ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူမှာ ခါးတစ်ဝက်တိုင်အောင် မြေသားနှင့် အုတ်ကျိုးများ ဖုံးအုပ်နေသည်။ အပေါ်ပိုင်းတွင် မျက်နှာတော်၊ ဦးခေါင်းတော်၊ လက်မောင်းတော်တို့ကို ဖူးတွေ့ရသည်။ အပေါ်ယံ အင်္ဂတေ သရိုးများမရှိတော့ဘဲ အုတ်ချပ်များဖြင့် တည်ထားသည်ကို တွေ့ရသည်။ တောင်ဘက်နှင့် မြောက်ဘက်မျက်နှာတွင် ရုပ်တော်မူရုပ်ပွားတော်ကြီးနှစ်ဆူရှိကြောင်း သိရှိရသော်လည်း ရာသီဥတုဒဏ်ကြောင့် ပြိုလဲပျက်စီး၍ နေပေပြီ။

ဘုရားဟောင်းအုတ်ကုန်းအနီး အရှေ့တောင်ဘက် ပိန္နဲပင်ခြေရင်း၌ အုတ်ခွက်ဘုရား အကျိုးအပဲ့များတွေ့ ရှိရသည်။ အုတ်ခွက်ဘုရားများမှာ ဖြက် ငါးလက်မ၊ ဒု တစ်လက်မ၊ အမြင့်ခြောက်လက်မခွဲခန့် ရှိသည်။ ထိုအုတ်ခွက်ဘုရားများတွင်–

**ဧသော ဘဂဝါ မဟာရာဇ သိရီ အနိရုဒ္ဓ ဒေဝေန၊**

**ကတော ဝိမုတ္တတ္ထံ သဟတ္ထေ နေဝါတိ–**

ဟု ရေးထိုးထားသော စာတမ်းကို တွေ့ရှိရသည်။ ထိုပါဠိ၏ ဆိုလိုရင်းမှာ–

ဤမြတ်စွာဘုရားကို မင်းမြတ်ဖြစ်တော်မူသော ကျက်သရေအပေါင်းနှင့် ပြည့်စုံတော်မူသော အနိရုဒ္ဓ (အနော်ရထာ)မင်းသည် သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ပါရခြင်းအကျိုးငှာ မိမိလက်ဖြင့် သွန်းလုပ်တော်မူသည်–ဟူ၍ ဖြစ်သည်။ ဤအုတ်ခွက်စာကို ကြည့်လျှင် ပုဂံခေတ်အနော်ရထာမင်း၏ ကောင်းမှုဖြစ်ကြောင်း ထင်ရှားပါသည်။

အနော်ရထာမင်းတရားကြီး၏ ကောင်းမှုတော် ဖြစ်သော လေးမျက်နှာစေတီတော်ကြီး အသစ်တစ်ဖန် ပြန်လည်တည်ထားရန်အတွက် ၁၃၆၆ခုနှစ် ပထမဝါဆိုလဆန်း ၂ရက် (၂၀၀၄ခုနှစ် ဇွန်လ ၁၈ရက်) သောကြာနေ့နံနက် မင်္ဂလာရှိသော ၈နာရီ ၁၀မိနစ်အချိန်တွင် ပန္နက်တော်တင်နှင့် အုတ်မြစ်တော်စီမင်္ဂလာကို မြန်မာ့ယဉ်ကျေးမှုအစဉ်အလာနှင့်အညီ ပြုလုပ်ခဲ့သည်။ မြန်မာသက္ကရာဇ် ၁၃၆၆ခုနှစ် တန်ဆောင်မုန်းလဆန်း ၃ရက် (၂၀၀၄ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်) တနင်္ဂနွေနေ့တွင် မူလဌာပနာတော်သွင်း မင်္ဂလာအခမ်းအနားကို ပြုလုပ်ခဲ့သည်။

၁၃၆၇ခုနှစ် ကဆုန်လပြည့် (၂၀၀၅ခုနှစ် မေ၅ရက်) တနင်္ဂနွေနေ့တွင် ပန်းလည်တိုင်စိုက်ထူခြင်းမင်္ဂလာကို ကျင်းပပြုလုပ်ခဲ့သည်။

ယခုလေးမျက်နှာစေတီတော်ကြီး တည်ဆောက်ရေးလုပ်ငန်း ပြီးစီးပြီဖြစ်၍ အထက်ဌာပနာတော်သွင်းခြင်း၊ ရွှေထီးတော်တင်လှူခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ပွဲကို ဆင်နွှဲကျင်းပသည်။

**မြန်မာအစ တကောင်းကဟု ဂုဏ်ယူခဲ့ကြသော တကောင်း၏ သမိုင်းသည် တစ်ခေတ်ဆန်းသစ်လာပေတော့မည်။ တကောင်းမြို့အဝင်တွင်လည်း မုခ်ဦးကြီးကို တည်ဆောက်၍ ပြီးပေပြီ။ တကောင်းမှ တူးဖော်တွေ့ရှိရသော ပျူအိုးများမှ ဒီဇိုင်းပုံများကိုယူ၍ တည်ဆောက်ထားသည်ဟု သိရသည်။** တကောင်းပျူအိုး ဒီဇိုင်းများမှာ ၆၅ မျိုးရှိသည်။ အိုးဒီဇိုင်းပုံများဖြင့် မုခ်ဦးကိုအလှဆင်ထားသည်။

တကောင်းမြို့ လေးမျက်နှာစေတီတော်ကြီး ထီးတော်တင်၍ အောင်မြင်သောလကား (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဆင်နွှဲကျင်းပသည့် ဖေဖော်ဝါရီလဖြစ်သည်။ စေတီတော်ကြီးဘွဲ့တော်က လေးမျက်နှာစေတီတော်ဖြစ်သည်။ မြန်မာ့သမိုင်းအစဖြစ်သော တကောင်းမြို့ကြီး၌ လေးမျက်နှာစေတီတော်ကြီး အောင်မြင်ပြီးစီးခဲ့ခြင်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ စည်းလုံးညီညွတ်မှုကိုပြသော ကောင်းမြတ်သော ပြယုဂ်ပါတကားဟု မြင်ယောင်မိပါသတည်း။ ။

မြန်မာအစ တကောင်းကဟု ဂုဏ်ယူခဲ့ကြသော တကောင်း၏ သမိုင်းသည် တစ်ခေတ်ဆန်းသစ်လာပေတော့မည်။ တကောင်းမြို့အဝင်တွင်လည်း မုခ်ဦးကြီးကို တည်ဆောက်၍ ပြီးပေပြီ။ တကောင်းမှ တူးဖော်တွေ့ရှိရသော ပျူအိုးများမှ ဒီဇိုင်းပုံများကိုယူ၍ တည်ဆောက်ထားသည်ဟု သိရသည်။



**ပန်းဘဲတန်းမြို့နယ် စုဋ္ဌဘွဲ့နှင်းသဘင်အခမ်းအနားကို မဟာသိမ်တော်ကြီးမွှာရုံတွင် ဧပြီ ၁၉ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင်က စာအောင်ဆုဆက်ကပ်လှူဒါန်းစဉ်။** (၃၅၂)

# ရန်ကုန်မြို့တော်အဆင့်မြင့်ရေး

## ကွန်ကရစ်ကတ္တရာထပ်ပိုးခင်းကျင်းမှု မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း စစ်ဆေး

**ရန်ကုန် ဧပြီ ၂၂**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ယမန်နေ့နံနက်ပိုင်းက တာဝန်ရှိသူများ လိုက်ပါ၍ ရန်ကုန်မြို့တော် အဆင့်မြင့်ရေး၊ သန့်ရှင်းသာယာလှပရေးနှင့် ယာဉ်သွားလာမှု လွယ်ကူအဆင်ပြေ ချောမွေ့စေရေးတို့အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့် တံတား)က တာဝန်ယူဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာ လုပ်ငန်းတာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

**လိုက်လံရှင်းလင်းပြသ**

ရှေးဦးစွာ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် နံနက် ၆ နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းသို့ ရောက်ရှိရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)ဌာနမှူး ဦးဗိုလ်ငွေးနှင့် တာဝန်ရှိသူများက အနောက်မြင်းပြိုင်ကွင်းလမ်းမကြီးကို အဆင့်မြင့်စေရန် ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရန်အတွက် စက်ယန္တရားကြီးများဖြင့် ကွန်ကရစ်ကတ္တရာ ထပ်ပိုးခင်းကျင်းပြီးစီးမှုအပိုင်းနှင့် ဆက်လက်ခင်းကျင်းနေမှုများကို လိုက်လံရှင်းလင်း ပြသကြသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ မြို့တော်ဝန်သည် တာမွေမြို့နယ် ကျိုက္ကဆံလမ်းမှစတင်၍ နတ်ချောင်း ချောင်းရေစီးရေလာကောင်းမွန်စေရန် ငမိုးရိပ်ချောင်း အဝင်အထိ အမှိုက်များ၊ ခဲ၊ သဲနှင့် နုန်းများ ဆယ်ယူရှင်းလင်းနေမှု အခြေအနေများကို လည်းကောင်း၊ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းဆုံမှ စတင်ကာ အနောက်ရွှေဂုံတိုင်လမ်းမကြီးတစ်လျှောက် ဝဲယာ ရေနုတ်မြောင်းများ ရေစီးကောင်းစေရန် အမှိုက်များ၊ နုန်းများ ဆယ်ယူရှင်းလင်းနေမှုနှင့် ဗဟန်းမြို့နယ်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများ စုပေါင်းကာ အမှိုက်လှဲခြင်း၊ ချုံ၊ နွယ်၊ မြက်များ ခုတ်ထွင်ရှင်းလင်းနေမှုအခြေအနေများကို လည်းကောင်း၊ ဒဂုံမြို့နယ် အလုံလမ်း မြောက်ဘက်ခြမ်းတစ်လျှောက် စက်ယန္တရားကြီးများဖြင့် ကွန်ကရစ်ကတ္တရာ ထပ်ပိုးခင်းကျင်းနေမှုများကို လည်းကောင်း၊ ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းကို စက်ယန္တရားကြီးများဖြင့် အဆင့်မြင့် ခြောက်လမ်းသွား ကွန်ကရစ်ကတ္တရာ ထပ်ပိုးခင်းကျင်းနေမှုများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးကြပြီး သက်ဆိုင်ရာ လုပ်ငန်းတာဝန်ရှိသူများအား သတ်မှတ် အရည်အသွေးများ ပြည့်မီစေရန် စနစ်တကျ စံချိန်စံညွှန်း ပြည့်ဝစေရေးအတွက် တာဝန်ရှိသူ အဆင့်ဆင့်က စနစ်တကျ ကြပ်မတ်ကွပ်ကဲ ဆောင်ရွက်ရေး၊ အသုံးပြုပစ္စည်းများ လေလွင့်မှုမရှိစေရေး၊ မိမိတာဝန်ယူ ဆောင်ရွက်ရသည့် လုပ်ငန်းအပေါ် စေတနာအပြည့်အဝထား၍ အကောင်းဆုံးဖြစ်စေရန် ကြိုးပမ်းလုပ်ဆောင်ရေး မှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းပံ့ပိုးပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**နှစ်ဖက်သော မိဘများနှင့် ခင်ပွန်း ဦးအောင်ရှင်နှင့် သားမောင်မောင်နိုင်တို့အား ရည်စူး၍ မင်္ဂလာတောင်ညွန့်မြို့နယ် ယုဇနပလာဇာ တိုက် ၁၀၊ အခန်း ၁၁ နေ ဒေါ်ကျင်(ခ)ဒေါ်ယဉ်ယဉ်(ရွှေတြိဂံ ပုဆိုးဆိုင်) သားသမီး မြေးတစ်စုတို့က ဒဂုံမြို့နယ် အမှတ် ၁၂ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၁၅၀၀၀၀ကို တိ=နိ(ရန်ကုန်ဌာန) ဒုတိယဥက္ကဋ္ဌ ဆရာကြီး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)



### ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

**၂၀၀၆ ခုနှစ်၊ ဧပြီလ ၁၈ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် (၅၃၅၅၄)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။**

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်၊မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။**

*စာမျက်နှာ ၉ မှ*

စိုက်ပျိုးမြေကို အပြည့်အဝ အသုံးချစိုက်ပျိုးခြင်း၊ သီးနှံစိုက်ဧကများ တိုးမြှင့်ခြင်း၊ အထွက်နှုန်းတက်အောင်ကြိုးစားခြင်း၊ အမယ်သစ်သီးနှံများ တိုးချဲ့စိုက်ပျိုးခြင်း၊ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်ခြင်းတို့ဖြင့် ဧရာဝတီတိုင်း၏ စီးပွားရေးပိုမိုဖွံ့ဖြိုးအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း။

ဧရာဝတီတိုင်း ဖွံ့ဖြိုးတိုးတက်ရသည့် အခြေခံအကြောင်းများကို ကြည့်လျှင် ရေ၊မြေ၊သယံဇာတစသည့် အခြေခံအချက်များကြောင့် ဖွံ့ဖြိုးခြင်းဖြစ်သကဲ့သို့ နိုင်ငံရေးအရ ရပ်ရွာအေးချမ်းသာယာတည်ငြိမ်ခြင်း၊ လမ်းပန်းဆက်သွယ်မှုတိုးတက်ကောင်းမွန်လာခြင်း၊ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်ခြင်းတို့ကြောင့်လည်း ထူးထူးကဲကဲ ဖွံ့ဖြိုးတိုးတက်လာခြင်းဖြစ်ကြောင်း၊ ယင်းအရှိန်အဟုန်ကောင်း၊ အစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းပြီး ဖွံ့ဖြိုးတိုးတက်သည်ထက် တိုးတက်အောင် ဆက်လက်ကြိုးပမ်းသွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မှာကြားရာ၌ နယ်မြေဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရန်မှာ ရေ၊မြေ၊ရာသီဥတု၊လုပ်အားနှင့် အတတ်ပညာစွမ်းအား ပြည့်စုံရန် လိုအပ်ကြောင်း။

**အစီအမံရှိရှိမြှင့်တင်**

ဧရာဝတီတိုင်းသည် ယင်းအခြေခံအချက်များနှင့် ပြည့်စုံသည့်တိုင်းဖြစ်သည်ဟုဆိုနိုင်ကြောင်း၊ သို့ရာတွင် နိုင်ငံတော်၏ အထွေထွေခေတ်နောက်ကျခဲ့ရသည့် သမိုင်းကြွေးကြောင့် အတတ်ပညာစွမ်းအားပြည့်စုံရန်အတွက် အသိပညာ၊ အတတ်ပညာစွမ်းရည်ကို အစီအမံရှိရှိ ယခုမှမြှင့်တင်နေဆဲဖြစ်ကြောင်း၊ ထို့ကြောင့် ဧရာဝတီတိုင်း၌ ပုသိမ်၊ မအူပင်နှင့် ဟင်္သာတဟူ၍ ဖွံ့ဖြိုးရေးဒေသကြီးသုံးခု ဖွဲ့စည်းသတ်မှတ်ပြီး တက္ကသိုလ်၊ ကောလိပ်များ ထူထောင်၍ ဒေသအလိုက် အသိပညာရှင်၊ အတတ်ပညာရှင်၊ အိုင်တီပညာရှင်နှင့် အင်ဂျင်နီယာများ စုစုစည်းစည်း ပေါ်ထွက်လာအောင် စီမံဆောက်ရွက်ပေးနေရကြောင်း။

**ပိုမိုတိုးတက်**

ရေ၊မြေ၊ရာသီဥတု အခြေအနေကောင်းမှု၊ လုပ်အားပြည့်စုံမှုတို့ကို အတတ်ပညာစွမ်းရည်ဖြင့် ပေါင်းစပ်နိုင်လျှင် ဧရာဝတီတိုင်းသည် ယခုထက် ပိုမိုတိုးတက်သွားမှာ သေချာကြောင်း။

ထို့အပြင် မြစ်ချောင်းပေါများပြီး ရေပတ်လည်ဝိုင်းနေသည့်အတွက် ကုန်းလမ်းကြောင်းအရ သွားလာဆက်သွယ်မှုခက်ခဲနေသည့် ဧရာဝတီတိုင်း အတွင်း၌ နိုင်ငံတော်အစိုးရက လိုအပ်သော လမ်းများ၊ တံတားများ တည်ဆောက်ဖန်တီး၍ ကုန်းလမ်းကြောင်း ထွက်ပေါက်ရရှိအောင် ဆောင်ရွက်ပေးလိုက်သဖြင့် လမ်းပန်းဆက်သွယ်မှု အခြေအနေကောင်းမွန်ပြီး ဧရာဝတီတိုင်းသည် အရှိန်အဟုန်ရှိရှိ တိုးတက်ဖွံ့ဖြိုးလာလျက်ရှိကြောင်း။

**ကြိုးစားအလုပ်လုပ်**

ယင်းအခြေအနေကောင်းများကို အပြည့်အဝအသုံးချ၍ စွမ်းအားပြည့် ကြိုးစားအားထုတ်လိုက်မည်ဆိုလျှင် ဧရာဝတီတိုင်းသည် နိုင်ငံတော်အတွက် အဓိက အထောက်အကူပြုနေသည့် တိုင်းနယ်မြေအဖြစ် ခိုင်ခိုင်မာမာဆက်လက် ရပ်တည်မှာ ဖြစ်သကဲ့သို့ ပြည်သူတစ်ဦးချင်း၏ အကျိုးစီးပွား၊ ဒေသ၏ အကျိုးစီးပွားလည်း ပိုမိုဖြစ်ထွန်းလာမှာဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသတာဝန်ခံများ၊ ဝန်ထမ်းများနှင့် ပြည်သူများအနေဖြင့် ရည်မှန်းချက်ရှိရှိ ကြိုးစားအလုပ်လုပ်ကြစေလိုကြောင်း။

အလျဉ်းသင့်၍ နိုင်ငံတော်၏နောင် အနာဂတ်အခြေအနေနှင့် စပ်လျဉ်းပြီး အနည်းငယ် ရှင်းလင်းပြောကြားလိုကြောင်း၊ မိမိတို့သည် တိုင်းပြည်အတွက်၊ ပြည်သူများအတွက် တကယ့် စေတနာအရင်းခံ၍ မမောနိုင် မပန်းနိုင် ကြိုးစားပမ်းစား အလုပ်လုပ်လျက်ရှိကြပါကြောင်း။

**အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်**

ထို့ကြောင့်လည်း အခက်အခဲများကြားမှပင် တစ်တိုင်းပြည်လုံး သိသိသာသာ ဖွံ့ဖြိုးတိုးတက်ပြီး အောင်မြင်မှုများ ရရှိနေခြင်းဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာ၌ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ကို ပြီးမြောက်အောင် အကောင်အထည်ဖော်ရန် ကျန်ရှိနေသေးကြောင်း၊ ယင်းဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ညင်သာချောမွေ့စွာ အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် လုပ်ငန်းစဉ်(၇)ရပ်ကိုလည်း အတိအလင်းချမှတ်ပြီး ဦးတည်ချက်ရှိရှိ၊ အစီအစဉ် ရှိရှိ စနစ်တကျလုပ်ကိုင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

**အန္တရာယ်ရှိ**

**ဒီမိုကရေစီကို ပါးစပ်ဖျားဖြင့်အလွယ်တကူပြောပြီး တည်ဆောက်နေ၍ မရကြောင်း၊ ဒီမိုကရေစီကို စည်းကမ်းတကျမတည်ဆောက်နိုင်ပါက လူအုပ်စုဝါဒ၊ မင်းမဲ့ဝါဒများလွှမ်းမိုးသွားပြီး ပျက်စီးသွားနိုင်သည့်အန္တရာယ်ရှိကြောင်း။**

**ထို့ကြောင့် ဒီမိုကရေစီဟုဆိုရာ၌ စည်းကမ်းပြည့်ဝသောဒီမိုကရေစီဟု မိမိတို့ အဓိပ္ပာယ်ရှိရှိ ပြောဆိုနေခြင်းဖြစ်ကြောင်း။**

**ခိုင်ခိုင်မာမာထူထောင်**

**ဒီမိုကရေစီထွန်းကားတည်တံ့ရေးအတွက် လိုအပ်သောအခြေခံကောင်းများကို အသွင်ကူးပြောင်းရေးကာလ၌ ခိုင်ခိုင်မာမာထူထောင်ထားနိုင်ရန် လိုအပ်ကြောင်း။**

**ယင်းအခြေခံကောင်းများအနက် ပထမဆုံးအချက်မှာ နိုင်ငံတော်၌ နယ်စပ်ဒေသအပါအဝင် နိုင်ငံတစ်ဝန်းလုံးအေးချမ်းတည်ငြိမ်ပြီး တရားဥပဒေစိုးမိုးနေရန်ပင်ဖြစ်ကြောင်း၊ ရပ်ရွာဒေသအေးချမ်းတည်ငြိမ်မှုမရှိပါက မည်သည့်စနစ်ကိုမျှ တည်ဆောက်၍မဖြစ်နိုင်သည်မှာ အားလုံးကိုယ်တွေ့ပင်ဖြစ်ကြောင်း။**

**ဒုတိယအချက်မှာ နိုင်ငံတော်၏စီးပွားရေးခိုင်မာတောင့်တင်းပြီး စီးပွားရေးအခြေခံကောင်းများရှိနေရန်ပင် ဖြစ်ကြောင်း။**

**တတိယအချက်မှာ ပြည်သူများ၏ အသိဉာဏ်ပညာပိုင်း၊ အတွေးအခေါ်ပိုင်း မြင့်မားနေရန်ပင်ဖြစ်ကြောင်း။**

**အလုပ်ဆိုသည်မှာ အသိနှင့်ယှဉ်၍ လုပ်ရခြင်းဖြစ်ရာ ပြည်သူများ၏ အသိပညာ ကြွယ်ဝနေရန်၊ အမှားအမှန်ခွဲခြားနိုင်ရန် အခြေခံအားဖြင့် လိုအပ်ကြောင်း။**

**ပြုစုပျိုးထောင်**

ဒီမိုကရေစီ၏ သဘောတရားကို မှန်မှန်ကန်ကန်သိနေရမှာဖြစ်ကြောင်း၊ ထို့ကြောင့် အသိပညာ၊ အတတ်ပညာမြင့်မားနေအောင် မိမိတို့ ပြုစုပျိုးထောင်နေရကြောင်း။

ယင်းအခြေခံကောင်းများမရှိသည့်အတွက် မိမိတို့ နိုင်ငံ၌ ၁၉၄၈ခုနှစ်မှ ၁၉၆၂ခုနှစ် အထိ ကျင့်သုံးခဲ့သော ပါလီမန် ဒီမိုကရေစီသည်လည်းကောင်း၊ ၁၉၆၂ခုနှစ်မှ ၁၉၈၈ခုနှစ် အထိ ကျင့်သုံးခဲ့သော ဆိုရှယ်လစ် ဒီမိုကရေစီသည်လည်းကောင်း ရေရှည်မတည်တံ့နိုင်ဘဲ ပျက်သုဉ်းခဲ့ရခြင်းဖြစ်ကြောင်း။

**တစ်ဆင့်ပြီးတစ်ဆင့်**

ထို့ကြောင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီအတွက် လိုအပ်သော အခြေခံကောင်းများကို ခိုင်မာမှုရရှိအောင် ထူထောင်ရင်း ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်(၇)ရပ်ကို ပြီးမြောက်သွားအောင် တစ်ဆင့်ပြီး တစ်ဆင့် အကောင်အထည်ဖော်သွားမှာဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းနှီးစွာလိုက်လံနှုတ်ဆက်သည်။

**တွံတေးတံတား**

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ဖျာပုံမြို့မှ ရန်ကုန်တိုင်း တွံတေးမြို့နယ် ဘုရားငုတ္တိုရွာအနီး တွံတေးတူးမြောင်း၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တွံတေးတံတားတည်ဆောက်ရေး စီမံကိန်းအဖွဲ့က တာဝန်ယူတည်ဆောက်လျက်ရှိသည့် တွံတေးတံတားတည်ဆောက်ရေး စီမံကိန်းသို့ရောက်ရှိကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်အဖွဲ့ဝင်များသည် တွံတေးတံတား တည်ဆောက်ပြီးစီးမှုအခြေအနေများကို တံတားပေါ်မှကြည့်ရှုစစ်ဆေးကြသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် တံတားချဉ်းကပ်လမ်း ဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။ ထို့နောက် ပန်းလှိုင်တံတား၊ ဘုရင့်နောင်တံတားတို့မှတစ်ဆင့် ရန်ကုန်မြို့သို့ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြသည်။

တွံတေးတံတား၏ ပင်မတံတားမှာ အပေါ်ထည် သံမဏိကြိုးဆိုင်းနှင့် အောက်ထည်သံကူကွန်ကရစ် အမျိုးအစားတံတားဖြစ်သည်။ ချဉ်းကပ်တံတားများမှာ သံကူကွန်ကရစ်အမျိုးအစား တံတားဖြစ်သည်။

တွံတေးတံတား၏ ပင်မတံတားမှာ ပေ ၈၄၀၊ ချဉ်းကပ်တံတားမှာ တစ်ဖက်လျှင် ၁၃၆၅ပေစီ ရှည်သည်။ တံတားကို ၂၈ပေအကျယ် နှစ်လမ်းမောင်း တံတားအဖြစ် တည်ဆောက်နေခြင်းဖြစ်သည်။ **(သတင်းစဉ်)**

# အာရှဖလားပြိုင်ပွဲအကြို လေးနိုင်ငံဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းယှဉ်ပြိုင်မည်

**သတင်းဆောင်းပါး – ကိုထွေး၊ ဓာတ်ပုံ – ကျော်ဆန်းမြင့်(ပြန်/ဆက်)**

ရန်ကုန် ဧပြီ ၂၂

**၂၀၀၆ခုနှစ် အာရှဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲအတွက် ခြေစစ်ပွဲအောင်မြင်ထားကြသော မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နှင့် တရုတ်(တိုင်ပေ) အသင်းတို့၏ လေးပွင့်ဆိုင်အကြို ခြေသွေးပွဲစဉ်များကို မေ၂၉ရက်မှ ဇွန်၂ရက်အထိ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ကျင်းပမည်ဖြစ်ရာ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် စခန်းသွင်းလေ့ကျင့်မှုများ အပြင်းအထန် ပြုလုပ်လျက်ရှိသည်။**

**ခြေစမ်းပွဲ**

မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်း ရွေးချယ်ဖွဲ့စည်းရန်အတွက် ပဏာမလက်ရွေးစင်(က)အသင်းနှင့် ပဏာမလက်ရွေးစင်(ခ)အသင်းတို့၏ခြေစမ်းပွဲကို မတ်၃၀ရက်၊ ဧပြီ၁ရက်နှင့် ဧပြီ၃ရက်တို့က လှူငယ်အားကစားလေ့ကျင့်ရေးစခန်းရှိ စက်ဘီးလေ့ကျင့်ရေးကွင်း၌ ကျင်းပခဲ့သည်။ အဆိုပါခြေစမ်းပွဲစဉ်များအပြီးတွင် ပဏာမလက်ရွေးစင် ၂၅ဦးကိုရွေးချယ်ကာ ဧပြီ၄ရက်မှစတင်၍ စခန်းသွင်းလေ့ကျင့်မှုများကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

**တာဝန်ယူ**

မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းသည် ပြိုင်ပွဲကာလနီးကပ်လာသည့်အလျောက် မဟာသင်္ကြန်ရက်များအတွင်း၌ပင် လေ့ကျင့်မှုမရပ်နားဘဲ နံနက်ပိုင်း၌ လေ့ကျင့်မှုများပြုလုပ်ခဲ့ကြောင်း သိရသည်။ ယခုအခါ ပဏာမမြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းကို အားကစားသမား၂၅ဦးမှ အားကစားသမား၂၀သို့ လျှော့ချလိုက်ပြီဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်းကို တာဝန်ခံအဖြစ် ဒေါ်မြတ်မြတ်ဦး၊ အုပ်ချုပ်သူအဖြစ် ဒေါ်မိမိမော်(အား/ကာ)တို့က တာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။

**သူတို့ပါဝင်**

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းကို နည်းပြချုပ်အဖြစ် ဦးအေးကြူကြီး (ကာကွယ်ရေး)၊ လက်ထောက်နည်းပြအဖြစ် ဦးတင်မျိုးအောင်(ပြည်ထဲရေး)တို့က တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ အားကစားသမားများအဖြစ် **(ဂိုး)** မေခင်ယမင်း (ပြည်ထဲရေး)၊ ငြိမ်းစုဇော် (ကာကွယ်ရေး)၊ အေးအေးသန်း(အား/ကာသိပ္ပံ၊ရန်ကုန်)၊ **(နောက်တန်း)**မိုးမိုးဝါ၊ မိုးမိုးထွေး၊ နေဇာလင်းလင်းအောင် (ပို့ဆောင်ရေး)၊ မေသူဝင်း(အား/ကာသိပ္ပံ၊မန္တလေး)၊ သီတာဦး၊ စန်းစန်းမော်(ပြည်ထဲရေး)၊ စန်းစန်းသိန်း၊ နှင်းဆီမြင့် (လယ်ယာ/ဆည်မြောင်း)၊ **(အလယ်တန်း)**သူဇာထွေး(လယ်ယာ/ဆည်မြောင်း)၊ သန်းသန်းထွေး၊ အေးနန္ဒာလှိုင်(ပို့ဆောင်ရေး)၊ နန်းကြေးငုံ (အား/ကာသိပ္ပံ၊ရန်ကုန်)၊ ခင်မာလာထွန်း၊ စုစုဝေ (အား/ကာသိပ္ပံ၊မန္တလေး)၊ **(ရှေ့တန်း)** ဇင်မာဝမ်း၊ စန်းယုနိုင်(ပို့ဆောင်ရေး)၊ မိုင်နီလာထွေး(နယ်စပ်/စည်ပင်)တို့ ပါဝင်ကြသည်။

**ပွဲစဉ်ရေးဆွဲ**

အာရှဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲအကြိုလေးနိုင်ငံဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို ရေးဆွဲထားပြီးဖြစ်သည်။ ပွဲစဉ်ရေးဆွဲထားမှုအရ မေ ၂၉ ရက်တွင် ပထမပွဲစဉ်အဖြစ် ဗီယက်နမ်အသင်းနှင့် တရုတ်(တိုင်ပေ)အသင်း၊ ဒုတိယပွဲစဉ်အဖြစ် ထိုင်းအသင်းနှင့် မြန်မာအသင်း၊ မေ ၃၁ ရက်တွင် ပထမပွဲစဉ်အဖြစ် ထိုင်းအသင်းနှင့် ဗီယက်နမ်အသင်း၊ ဒုတိယပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် တရုတ်(တိုင်ပေ)အသင်း၊ ဇွန် ၂ ရက်တွင် ပထမပွဲစဉ်အဖြစ် တရုတ်(တိုင်ပေ) အသင်းနှင့် ထိုင်းအသင်း၊ ဒုတိယပွဲစဉ်အဖြစ် ဗီယက်နမ်အသင်းနှင့် မြန်မာအသင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

**အတွေ့အကြုံကောင်း**

၂၀၀၆ခုနှစ်အာရှဖလားအမျိုးသမီးဘောလုံးပြိုင်ပွဲကို လာမည့် ဇူလိုင်လအတွင်း ဩစတြေးလျနိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် ဗီယက်နမ်၊ တရုတ်(တိုင်ပေ)၊ ထိုင်းအသင်းတို့နှင့် အကြိုခြေသွေးခွင့်ရရှိခြင်းဖြင့် အတွေ့အကြုံကောင်းများ ရရှိမည်ဖြစ်သည်။ ဗီယက်နမ်အသင်းနှင့် ထိုင်းအသင်းတို့ကို အရှေ့တောင် အာရှအားကစားပြိုင်ပွဲများ၌ မကြာခဏ ဆုံတွေ့ခဲ့ဖူးပြီးဖြစ်သည်။ အာရှအဆင့်မှ တရုတ်(တိုင်ပေ)အသင်းနှင့် ခြေသွေးခွင့်ရရှိခြင်းမှာ အာရှဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းအတွက် အခွင့်အရေးတစ်ရပ်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

**၂၀၀၆ခုနှစ် အာရှဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲအကြို လေးနိုင်ငံဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းအား နည်းပြများနှင့်အတူ လေ့ကျင့်ရေးကွင်း၌ ဤသို့တွေ့ရသည်။** ဓာတ်ပုံ–ကျော်ဆန်းမြင့် (ပြန်/ဆက်)



# ကမ္ဘာတစ်လွှား အားကစား

## မျှော်လင့်စောင့်စား ဂျာမနီကမ္ဘာ့ဖလား ဂျာမနီအသင်း၏ ကြိုတင်ပြင်ဆင်မှု အနေအထား

ဘာလင် ဧပြီ ၂၂

**၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကို လာမည့်ဇွန် ၉ ရက်မှ စတင်ကာယှဉ်ပြိုင်ကစားတော့မည်ဖြစ်ရာ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရသည့် ဘောလုံးအသင်း ၃၂ သင်း၏ ရပ်တည်မှု အခြေအနေများကို မြန်မာ့အလင်း ဘောလုံး ပရိသတ်အတွက် ပြန်ကြားပေးရန် Yangon Entertainment Ltd°. မှ ရရှိသော သတင်းအချက်အလက်များကို အခြေခံ၍ ကိုးကား ဖော်ပြလိုက်ရပါသည်။**

### ဂျာမနီအသင်း

ဂျာမနီ ဘောလုံးအသင်းသည် အိမ်ရှင်နိုင်ငံဖြစ်၍ အလိုအလျောက် ခြေစစ်ပွဲအောင်ခဲ့သော အသင်းတစ်သင်းဖြစ်သည်။ ဂျာမနီအသင်းအား ကိုင်တွယ်မည့် နည်းပြမှာ ဂျာဂင် ကလင်းစမန်းဖြစ်သည်။



**ဂျာ မ နီ အသင်းနည်းပြ ကလင်းစမန်း။**
(ဓာတ်ပုံ-အင်တာနက်)

### တိုက်စစ်အားပြု

ဂျာမနီအသင်းသည် အိမ်ရှင်ဖြစ်သည်နှင့်အညီ ၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် အသွင်သစ်နှင့် အကောင်းဆုံး ပြင်ဆင်ထားမည်ဟု မျှော်လင့်ရသည်။ ဂျာမနီအသင်းသည် နည်းပြသစ် ကလင်းစမန်း၏ အတွေးအခေါ်သစ်များနှင့်အတူ တိုက်စစ်ကို အားပြုကစားမည့် အသင်းဖြစ်သည်။

အိမ်ရှင် အသင်းဖြစ်၍ အလိုအလျောက် ခြေစစ်ပွဲအောင်ထားသော်လည်း ပြီးခဲ့သည့် ၂၀၀၂ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် ဒုတိယ ရထားခဲ့သည့် အသင်းဖြစ်သည်။ ကမ္ဘာ့ဖလား ပြိုင်ပွဲတိုင်းနီးပါးရရှိထားသည့်အစဉ်အလာကောင်းများကြောင့် အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုရလိမ့်မည်ဟု မျှော်လင့်ထားသည်။

### ရာထူးမှဆင်းပေး

ယခင်နည်းပြဟောင်း ရူဒီဗောင်လာ လက်ထက်တွင် ဂျာမနီအသင်းသည် ခံစစ်ကို အဓိကအသားပေး ကစားခဲ့ပြီး တိုက်စစ်စွမ်းရည် ပျောက်ဆုံးနေခဲ့မှုကြောင့် ယူရို ၂၀၀၄ မှာ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ ယင်းအကျိုးဆက်အရ ပြိုင်ပွဲအပြီးတွင် နည်းပြဗောင်လာသည် ရာထူးမှဆင်းပေးလိုက်ရသည်။

### စောင့်ကြည့်

နည်းပြသစ် ကလင်းစမန်း လက်ထက်တွင် ဂျာမနီအသင်းကို တိုက်စစ်အသားပေးအသင်းအဖြစ် ပြင်ဆင်ထားသဖြင့် ဂျာမနီ၏တိုက်စစ်ကို ကမ္ဘာ့ဖလားဘောလုံးပရိသတ်များ စောင့်ကြည့်ရန် ရှိနေသည်။

ကွင်းလယ်က လူငယ်ခြေတက် ကစားသမားဖြစ်ကြသည့် ဘက်စ်တီယန်ရှဝိန်းစတိုက်ဂါသည် ကလင်းစမန်း၏ ခံစစ်အားပြုရာမှ တိုက်စစ်အသားပေးအဖြစ် ပြောင်းလဲထားသော ဗျူဟာတွင် အဓိကကျသော တိုက်စစ်ကစားသမား ဖြစ်နေသည်။

ယင်းတိုက်စစ် နည်းဗျူဟာကြောင့် ဂျာမနီအသင်းသည် ပြီးခဲ့သော ကွန်ဖက်ဒရေးရှင်းဖလား ဘောလုံးပြိုင်ပွဲတွင် တတိယဆု ဆွတ်ခူးနိုင်ခဲ့သည်။ သမိုင်းကြောင်းအရ ကျင်းပပြီးစီးခဲ့သည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ (၁၃)ကြိမ်တွင် အိမ်ရှင်တို့ ဗိုလ်စွဲခဲ့သည့် အရေအတွက်မှာ ခြောက်ကြိမ်ရှိထားသဖြင့် ယခု ၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အိမ်ရှင်ဂျာမနီ၏ ဗိုလ်စွဲနိုင်ချေမှာ ၅၀ရာခိုင်နှုန်း ရှိနေသည်ဟု ဆိုသည်။

### ပို၍ဆိုးရွား

နည်းပြ ကလင်းစမန်းကလည်း ပွဲတိုင်းမှာ ရောမစိန်ခေါ်မှုကြီးတွေနှင့် ရင်ဆိုင်ရလိမ့်မည်ဖြစ်ကြောင်း၊ သို့ရာတွင် ယင်းစိန်ခေါ်မှုသည် ပို၍ဆိုးရွားလာနိုင်ကြောင်း ပြောကြားသည်။

### ထိုက်ထိုက်တန်တန်

အီကွေဒေါအသင်းသည် တောင့်တင်းသည့်အသင်းဖြစ်ပြီး ခြေစစ်ပွဲတွင် ဘရာဇီးလို အသင်းကိုပင် ဖြိုခွင်းနိုင်သည့်အသင်းဖြစ်ကြောင်း၊ ကော့စတာရီကာအသင်းသည် အမေရိကန်နှင့် မက္ကဆီကို အသင်းတို့၏ နောက်မှ တတိယနေရာရှိ အသင်းဖြစ်ကြောင်း၊ ပိုလန်အသင်းသည်လည်း မာကြောပြီး အင်္ဂလန်အုပ်စုတွင် ထိုက်ထိုက်တန်တန် ခြေစစ်ပွဲအောင်လာသော အသင်းဖြစ်ကြောင်း ကလင်းစမန်းက ပြောကြားသည်။

# စုစည်းတင်ပြသူ မြင့်မောင်စိုး

ဂျာမနီအသင်းသည် အုပ်စု(က) တွင်ပါဝင်ပြီး ဇွန်၉ရက်တွင်ကော့စတာရီကာ အသင်းနှင့်လည်းကောင်း၊ ဇွန် ၁၄ရက်တွင် ပိုလန်အသင်းနှင့် လည်းကောင်း၊ ဇွန် ၂၀ရက်တွင် အီကွေဒေါ အသင်းနှင့်လည်းကောင်း ယှဉ်ပြိုင် ကစားရမည်ဖြစ်ကြောင်း သိရသည်။

ဂျာမနီ ဘောလုံးအသင်းသည် ၁၉၃၄ခုနှစ်က ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲသို့ ပထမဆုံးအကြိမ်အဖြစ် ပါဝင် ယှဉ်ပြိုင်ကစားခဲ့ကြောင်း မှတ်တမ်းများ အရ သိရသည်။

### ဆွတ်ခူးနိုင်

ယင်းကဲ့သို့ ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲတွင် ပါဝင်ခဲ့သော ဂျာမနီအသင်း သည် ၁၉၅၄ခုနှစ်တွင် ချန်ပီယံဆု



**ဂျာမနီအသင်းမှ အားထားရသော ကွင်းလယ်ကစားသမား မိုက်ကယ်ဘောလက်။**
(ဓာတ်ပုံ-အင်တာနက်)

ဆွတ်ခူးနိုင်ခဲ့သည်။ ယင်းနောက် ၁၉၇၄ခုနှစ်တွင် ဒုတိယအကြိမ်နှင့် ၁၉၉၀ ပြည့်နှစ်တွင် တတိယအကြိမ် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည်။

ယခုနှစ် ၂၀၀၆ ကမ္ဘာ့ဖလားမှာ ဂျာမနီအသင်း အဓိကအားထားရမည့် ဘောလုံးသမားသည် ဂျာမနီဘွန်ဒက်စလီဂါကလပ်ဖြစ်သောဘေယန်မြူးနစ် အသင်းမှ မိုက်ကယ်ဘောလက်ပင် ဖြစ်သည်။

### အသင့်ပြင်ထား

မိုက်ကယ်ဘောလက်အား ဂျာမနီ အသင်းအတွက်အသင်းခေါင်းဆောင် အဖြစ်နည်းပြကလင်းစမန်းကရွေးချယ် ထားသူဖြစ်သည်။ သို့ရာတွင် လက်ရွေးစင်အသင်း၏ ခေါင်းဆောင်အဖြစ် ရွေးချယ်ခံထားရသော်လည်း မိုက်ကယ်ဘောလက်မှာ ဝေဖန်မှုများနှင့် ရင်ဆိုင်နေရသည်။ သို့ရာတွင် မိုက်ကယ်ဘောလက်အနေဖြင့်ကမ္ဘာ့ဖလား ပြိုင်ပွဲမှာ ထိုဝေဖန်မှုများကို ကျော်လွှား၍ ကမ္ဘာ့အကောင်းဆုံး အလယ်တန်း ကစားသမားတစ်ဦးအဖြစ် သက်သေပြ နိုင်ရန် အသင့်ပြင်ထားပြီဟုဆိုသည်။

ဘောလက်သည် ဂျာမနီလက်ရွေးစင်အသင်းခေါင်းဆောင်အဖြစ်ပွဲ ၅၀ ကျော်ကစားပေးခဲ့သူဖြစ်ပြီး ယခုမိခင်မြေ၌ ကစားမည့်ပွဲတွင် ၎င်း၏ အကောင်းဆုံး ခြေစွမ်းကျန်ရှိနေဆဲ ဆိုသည်ကို ပြသနိုင်ရန်ကြိုးစားပြလိမ့်မည်ဟု မျှော်လင့်ရသည်။

### မျှော်လင့်

နည်းပြ ကလင်းစမန်းက မိုက်ကယ်ဘောလက်သည် ကမ္ဘာ့အဆင့်ရှိသော ကစားသမား တစ်ဦးဖြစ်ကြောင်း၊ ဂျာမနီလက်ရွေးစင်တိုင်းက လက်ခံထားသူလည်းဖြစ်ကြောင်း၊ ယခုကမ္ဘာ့ဖလားပွဲတွင် ၎င်းကိုယ်၎င်း ယုံကြည်မှု အပြည့်ရှိနေပြီး အသင်းကို အကောင်းဆုံး ဦးဆောင်မှုပေးနိုင်လိမ့်မည်ဖြစ်ကြောင်း မျှော်လင့်ရသည်။

မိုက်ကယ်ဘောလက်သည်ဂျာမနီ ဘွန်ဒက်စလီဂါပြိုင်ပွဲတွင် ၂၀၀၃၊ ၂၀၀၄၊ ၂၀၀၅ ခုနှစ်များ၌ သုံးနှစ်ဆက်တိုက် အကောင်းဆုံးဘောလုံးသမားဆု ရရှိထားသူဖြစ်သည်။

### ယုံကြည်ထား

ယခုအခါ မိုက်ကယ်ဘောလက်သည် အသက် (၂၉) နှစ်ရှိပြီဖြစ်ရာ ဒီပွဲသည် ၎င်း၏နောက်ဆုံး ကမ္ဘာ့ဖလားပွဲဖြစ်နိုင်သည်။ ဂျာမနီ ပြည်သူတစ်ရပ်လုံးက မိုက်ကယ်ဘောလက် အနေဖြင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲ၌ တစ်ခုခုလုပ်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ထားကြသည်။

၎င်းသည် နိုင်ငံတကာပွဲဦးထွက် ပြိုင်ပွဲအဖြစ် ၁၉၉၉ ခုနှစ် ဧပြီလက ဂျာမနီနှင့် စကော့တလန်ပွဲတွင် ပါဝင်ကစားခဲ့သည်။ ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ ကျင်းပစဉ်ကလည်း မိုက်ကယ်ဘောလက် ပါဝင်ကစားခဲ့သည်။ ။ **(မြန်မာ့အလင်း)**



**ဂျာမနီ ဘောလုံးအသင်း ကစားသမားများ။**
(ဓာတ်ပုံ-အင်တာနက်)

## YMBA နှစ်(၁၀၀)ပြည့် သမိုင်းမော်ကွန်းပြပွဲအတွက် မှတ်တမ်းရှားပါးဓာတ်ပုံများ ခေတ္တငှားရမ်းလှူဒါန်းနိုင်

**ရန်ကုန် ဧပြီ ၂၂**

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)သည် ၁၉၀၆ခုနှစ် မေ ၁၀ရက်က စတင်၍ ဖွဲ့စည်းခဲ့ရာ ၂၀၀၆ခုနှစ် မေ ၁၀ရက်တွင် နှစ်(၁၀၀) ပြည့်တော့မည်ဖြစ်ပြီး ကြိုတောင့်ကြိုခဲ နှစ်(၁၀၀)ပြည့်ပွဲတော်ကို မေ ၉ရက် တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ လည်းကောင်း၊ မေ ၁၀ရက်တွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အမှတ် ၇၇ ရေကျော်လမ်းရှိ YMBAအသင်းတိုက်ခန်းမဆောင်၌ လည်းကောင်း ကျင်းပမည်ဖြစ်သည်။

မေ ၉ရက်တွင် အမျိုးသားဇာတ်ရုံ၌ ကျင်းပမည့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း နှစ်(၁၀၀)ပြည့်ပွဲတော်ကို နိုင်ငံတော်မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ဖွင့်လှစ်ပေးမည်ဖြစ်ပြီး အသင်းကြီးက အဓိကဆောင်ရွက်နေသော ဒုဇဖြာမင်္ဂလာတရားတော်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်မည် ဖြစ်သည်။

ထို့အပြင် ဗုဒ္ဓဘာသာကလျာဏ ယုဝအသင်း ဖွဲ့စည်းခဲ့သည်မှစ၍ ယနေ့အထိ သမိုင်းမော်ကွန်းများ၊ ကျမ်းပြုစာအုပ်များ၊ မှတ်တမ်းများ၊ အသင်းစာဖြတ်ပိုင်းများနှင့် ရှားပါးဓာတ်ပုံများကို ပြသမည်ဖြစ်ရာ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းနှင့်ပတ်သက်၍ မှတ်တမ်းမှတ်ရာများ၊ ရှားပါးဓာတ်ပုံများ သိမ်းဆည်းထားသူများအနေဖြင့် ခေတ္တငှားရမ်း လှူဒါန်းကြပါရန် မေတ္တာရပ်ခံထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရန်ကုန်စီးပွားရေးလမ်းညွှန်စာအုပ် ထုတ်ဝေဖြန့်ချိ

**ရန်ကုန် ဧပြီ ၂၂**

ရန်ကုန် စီးပွားရေးလမ်းညွှန် (Yangon Business Directory) စာအုပ်ကို Eureka Co.,Ltd. က ထုတ်ဝေဖြန့်ချိလိုက်သည်။

ယင်းစာအုပ်တွင် ရန်ကုန်၊ ပျဉ်းမနား၊ တောင်ငူ၊ ပြည်၊ ပဲခူး၊ မော်လမြိုင်၊ ဘားအံ၊ စစ်တွေ၊ ပုသိမ်စသည့် မြို့နှင့် ယင်းမြို့များနှင့်ဆက်စပ်လျက်ရှိသော မြို့များအပါအဝင် မြို့ပေါင်း ၂၂မြို့တို့၏ စီးပွားရေးလုပ်ငန်းလိပ်စာ၊ အချက်အလက်များ၊ ဖုန်းနံပါတ်များနှင့် စီးပွားရေးကြော်ငြာများကို ဖော်ပြထားသည်။

### စုစည်းထုတ်ဝေ

ထို့အပြင် စီးပွားရေးလုပ်ငန်းရှင်များ၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ဖော်ပြထားသော လုပ်ငန်းခေါင်းစဉ် ၆၀၀ကျော်နှင့် လိပ်စာအချက်အလက်ပေါင်း ၆၀၀၀၀ကျော်ကိုလည်း စုစည်း၍ထုတ်ဝေထားသည်။

### အသုံးပြုရလွယ်ကူ

ရန်ကုန်စီးပွားရေးလမ်းညွှန်စာအုပ်ကို မြန်မာဘာသာဖြင့် ထုတ်ဝေထားခြင်းဖြစ်ပြီး လုပ်ငန်းခေါင်းစဉ်နှင့် စီးပွားရေးလုပ်ငန်းလိပ်စာ အချက်အလက်များကို (မြန်မာအက္ခရာစဉ်)အဘိဓာန်စဉ်နည်းဖြင့် အသုံးပြုရလွယ်ကူအောင် စီစဉ်ဆောင်ရွက်ထားသည်။

### ဖြန့်ချိ

ရန်ကုန်စီးပွားရေးလမ်းညွှန်စာအုပ်ကို Eureka Co.,Ltd.အမှတ်၁၄၅ ၃၆လမ်း(အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၃၂၉၅၊ ၂၅၀၁၂၁နှင့် H-2 ပထမထပ် ၇၈လမ်းနှင့် လမ်း၃၀ထောင့် ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့ ဖုန်း-၀၉-၅၀၀-၉၁၀၁တို့က ဖြန့်ချိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၂၃-၄-၂၀၀၆ရက် (တနင်္ဂနွေနေ့)**

### နံနက်ပိုင်း

| | | |
|---|---|---|
| ၇း၀၀ | ၁။ | အဘိဓေအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | သံသာချိုအေးမင်္ဂလာတေး |
| ၇း၅၅ | ၅။ | ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ |
| ၈း၀၅ | ၆။ | အကပြိုင်ပွဲ |
| ၈း၁၀ | ၇။ | ယူးချောင်းတံတား |
| ၈း၂၀ | ၈။ | အရေးပြိုင်ပွဲ |
| ၈း၃၀ | ၉။ | International News |
| ၈း၄၅ | ၁၀။ | Say it in English |

### နေ့လယ်ပိုင်း

| | | |
|---|---|---|
| ၁၁း၀၀ | ၁။ | စစ်သည်တေး |
| ၁၁း၁၀ | ၂။ | တေးဂီတအစီအစဉ် |
| ၁၁း၂၅ | ၃။ | တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ် |
| ၁၁း၄၀ | ၄။ | နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ (Doremon) |
| ၁၂း၀၀ | ၅။ | မြန်မာဗီဒီယိုဇာတ်လမ်း **တစ်ကြိုးတည်းနှင့် ချည်ထားသည်** (ဒွေး၊ စိုးမြတ်နန္ဒာ) ဒါရိုက်တာ- မောင်ပြည့်ဝ-ပန်းဝေသီ |
| ၁၄း၀၀ | ၆။ | အဆိုပြိုင်ပွဲ |
| ၁၄း၁၀ | ၇။ | ဘော်ဘင်ရေလှောင်တမံ |
| ၁၄း၂၀ | ၈။ | အတီးပြိုင်ပွဲ |
| ၁၄း၃၅ | ၉။ | **"သတိနဲ့ယှဉ် အသိနဲ့ပြင်"** (အပိုင်း-၂) (ဝါးခယ်မရဲမောင်၊ ဘုန်းလှျှန်၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြေဦး) (ဒါရိုက်တာ-မင်းအုပ်စိုး) |
| ၁၄း၄၅ | ၁၀။ | International News. |

### ညပိုင်း

| | | |
|---|---|---|
| ၁၆း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆း၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆း၃၀ | ၃။ | အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ်(သတ္တဗေဒအထူးပြု) (သတ္တဗေဒ) |
| ၁၆း၄၅ | ၄။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ |
| ၁၇း၀၀ | ၅။ | တေးဂီတအစီအစဉ် |
| ၁၇း၁၅ | ၆။ | မြို့ပြနှင့် ကျေးလက်ခေတ်မီဖွံ့ဖြိုးတိုးတက် (တောင်ကြီးမြို့နယ် စည်ပင်သာယာရေး) |
| ၁၇း၂၅ | ၇။ | ဆိုကြမယ်၊ ပျော်ကြမယ် |
| ၁၈း၀၀ | ၈။ | ညနေခင်းသတင်း |
| ၁၈း၃၀ | ၉။ | မိုးလေဝသအခြေအနေ |
| ၁၈း၃၅ | ၁၀။ | Discovery |
| ၁၈း၄၅ | ၁၁။ | စိုက်ပျိုးစွမ်းအားပြည်ထွန်းကား |
| ၁၈း၅၀ | ၁၂။ | တေးဂီတအစီအစဉ် |
| ၁၉း၀၀ | ၁၃။ | မြန်မာမှုပန်းဆယ်မျိုး(ပန်းပု) |
| ၁၉း၀၅ | ၁၄။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"ကံကောင်းခြင်း အိပ်မက်"** (အပိုင်း-၈) |
| ၂၀း၀၀ | ၁၅။ | ပြည်တွင်းသတင်း |
| | ၁၆။ | နိုင်ငံတကာသတင်းများ |
| | ၁၇။ | မိုးလေဝသအခြေအနေ |
| | ၁၈။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်မိပြီဆိုရင်"**(အပိုင်း-၃၈) |

# ရွှေရတုမင်္ဂလာ

ဖေကြီးဦးစိန်ရနှင့် မေကြီးဒေါ်အေးအေးစိုးတို့၏ ဧပြီလ ၂၃ရက်တွင်ကျရောက်သော"မင်္ဂလာနှစ်(၅၀)မြောက် ရွှေရတုမင်္ဂလာ"မှ နောင်စိန်ရတုမင်္ဂလာတိုင်အောင် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် လောကီလောကုတ္တရာ နှစ်ဖြာအကျိုးဆတက်ထမ်းပိုးတို့၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ကန်တော့အပ်ပါသည်။

**သားကြီး–** ဦးထွန်းဦး–ဒေါက်တာတင်နွယ်ဦး
သက်နွယ်ဦး
**သားလတ်–** ကပ္ပတိန်အောင်ခိုင်–ဒေါ်သီရိခါ
ခိုင်ထက်ဦး၊ခိုင်ဆုလတ်၊ခိုင်မင်းထွေး
**သားငယ်–** ဒုတိယဗိုလ်မှူးကြီး စိုးဝင်း–ဒုတိယဗိုလ်မှူးကြီး ကေသီကျော်
ဗိုလ်လောင်းကြည်သာစိုး (D.S.T.A)
ဝင်းသန္တာစိုး၊ရဲပြည်သာစိုး
**သားထွေး–** ဒေါက်တာကျော်ဆန်း–ဒေါက်တာသင်းသင်းနွယ်
မင်းမင်းကျော်ဆန်း၊ဝေယံကျော်ဆန်း
ဒေါက်တာခင်သက်မော်၊ကျော်မိုးထွန်း၊ ဒေါက်တာမြင့်ဝင်း။


# ဆရာဝန်အသင်း သင်တန်းပို့ချမည်

**ရန်ကုန် ဧပြီ ၂၂**

မြန်မာနိုင်ငံ ဆရာဝန်အသင်း စဉ်ဆက်မပြတ် ဆေးပညာ သင်ကြားရေး ယူနစ် (CME) က အထွေထွေရောဂါကု ဆရာဝန်များအတွက် Common Clinical Problems (၂၀၀၆) သင်တန်းကို မေ ၆ရက်မှ ဇူလိုင် ၂ရက်အထိ စနေ၊တနင်္ဂနွေနေ့တို့တွင် မွန်းတည့် ၁၂နာရီမှ ညနေ ၃နာရီအထိ သင်တန်းပို့ချမည်ဖြစ်ရာ တက်ရောက်လိုသည့် ဆရာဝန်များသည် မေ ၂ရက်မှ မေ ၅ရက်အထိ ရုံးချိန်အတွင်း စာရင်းသွင်းနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




# "မျှော်လင့်စောင့်စား ဂျာမနီဖလား" နှင့်စပ်လျဉ်း၍စာနယ်ဇင်းရှင်းလင်း

**ရန်ကုန် ဧပြီ ၂၂**

Yangon Entertainment က မြဝတီရုပ်မြင်သံကြားတွင် တင်ဆက်ပြသရန်ရှိသော FIFA World Cup 2006 Germany ၏ အကြိုမိတ်ဆက် အစီအစဉ်ဖြစ်သည့် (Road To Germany) **"မျှော်လင့်စောင့်စား၊ဂျာမနီကမ္ဘာ့ဖလား"** ရုပ်မြင်သံကြား အစီအစဉ်နှင့် စပ်လျဉ်း၍ စာနယ်ဇင်းမိတ်ဆက်ရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၂နာရီတွင် ဗိုလ်တထောင် မြို့နယ် ၆၇လမ်း အမှတ် ၄၀ပထမထပ်ရှိ Yangon Entertainment Co., Ltd. ၏ အစည်းအဝေးခန်းမ၌ ကျင်းပရာ Yangon Entertainmentမှ တာဝန်ရှိသူများက FIFA World Cup 2006 Germanyကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံတကာလက်ရွေးစင်ဘောလုံးအသင်း ၃၂သင်းအကြောင်းနှင့် မြန်မာနိုင်ငံ၏ဘောလုံး အားကစားအောင်မြင်ရေးအတွက်လည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်သကဲ့သို့ ဘောလုံးဝါသနာရှင်အားလုံးလည်း သိခွင့်ရရန်ခက်ခဲသော ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင် အသင်းများအကြောင်းကို နိုင်ငံတကာနှင့်အညီ အလွယ်တကူမြင်တွေ့ခံစားစေလိုသော ရည်ရွယ်ချက်ဖြင့်တင်ဆက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြပြီး **(အပေါ်ပုံ)** တက်ရောက်လာသော စာနယ်ဇင်းပုဂ္ဂိုလ်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**"မျှော်လင့်စောင့်စား၊ဂျာမနီကမ္ဘာ့ဖလား"** ရုပ်မြင်သံကြားအစီအစဉ်ကို မြဝတီရုပ်မြင်သံကြား၌ မေလဆန်းပိုင်းတွင် စတင်ပြသမည်ဖြစ်ရာ လုပ်ငန်းရှင်များအနေဖြင့် ကြော်ငြာများထည့်သွင်းလိုပါက Yangon Entertainmentနှင့် ဆက်သွယ်ထည့်သွင်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**


မလေးရှားနိုင်ငံတွင် အလုပ်လုပ်ရန်
သုခစုစံ ပြည်ပအလုပ်အကိုင် ရှာဖွေရေး ကုမ္ပဏီ
EUROPLASTICS SDN. BHD.
နိုင်ငံကူးလက်မှတ် (Passport)
"သုခစုစံ ပြည်ပအလုပ်အကိုင် ရှာဖွေရေး ကုမ္ပဏီ"
(107)
Tel: 253298/253956/385758/386877



နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာဆုတောင်း


**မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူပျောက်ဆုံးခြင်း**

ယာဉ်အမှတ် ၁က/၈၇၅၅ တိုရိုတာ လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃) မိတ္တူပျောက်ဆုံးလာပါသဖြင့် ကန့်ကွက်လိုသူများသည် ကြော်ငြာပါသည့်နေ့မှစ၍ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ဆက်သွယ်နိုင်ပါသည်။

**ကညန ၊အနောက်ပိုင်းခရိုင်ရုံး၊ သဃ်န်းကျွန်း။**


April - 28
May-5,12,19,26
249871



# တော်ဝင်ကိတ် ၏ မိတ်ဆွေများအတွက်

မြန်မာနှစ်သစ်ကူး အထူးလက်ဆောင်ပေး ဈေးရောင်းပွဲကို ၂၄–၄–၂၀၀၆ရက်မှ ၂၇–၄–၂၀၀၆ရက်အထိ လေးရက်တိတိ သတ်မှတ် မုန့်၁၀မျိုးမှ မျိုးတူနှစ်ခုဝယ်လျှင် တစ်ခုအပို လက်ဆောင်ပေးပါမည်။

**တော်ဝင်ကိတ်**
**၆၅၀၊မဟာဗန္ဓုလလမ်း၊၂၁လမ်းထိပ်၊ လသာမြို့နယ်၊**
**၃၆၅၊ မဟာဗန္ဓုလလမ်း၊၃၈လမ်းထိပ်၊ ကျောက်တံတား၊မြေညီထပ်မျက်နှာစာတန်း၊ သိမ်ကြီးဈေးစီရုံ။**




ဧပြီ၂၀ရက်က စေတနာရှင်များလှူဒါန်းမှုဖြင့် ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ မိုးကုတ်ဝိပဿနာရိပ်သာဖြစ်မြောက်ရေးကော်မတီ ဆိုင်းဘုတ်ဖွင့်ပွဲကို လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်း အမှတ် ၃၂၊ ၃၄၃၅ကျင်းပစဉ်။ (သတင်းစဉ်)


Technical Service & Training Co;Ltd
Mon to Fri (24.4.06)
Sat, Sun (29.4.06)


# အက်ပ်ဖ်အေဖလား အကြိုဗိုလ်လုပွဲ

ရန်ကုန် ဧပြီ ၂၂

လီဗာပူး–နှစ်ဂိုး

ချယ်လ်ဆီး–တစ်ဂိုး




Golden Gate Multi Training Centre



Computer Rental
( P-II, P-III, P4 with CD-ROM and Speaker)
COMPUTER SERVICE
Practical A' Course
Nawarat Computer Sales, Service, Rental & Training Center



Hilux - (84) Model



KMD Computer Centre
Network Engineering
Hardware & Network Technician
Computer Hardware နှင့် Network Technology
Microsoft MCP Exams MCPA Networking Exam
Technical Seminar
KMD On-Job Training
Duration (300) Hours

# သမိုင်းပြောင်းမည့်ဦးသည့် စစ်ကိုင်းတောင်ရိုးဆီသို့

**သာသနာ့အရောင် ထွန်းလင်းပြောင်၊ စစ်ကိုင်းမင်းဝံတောင် ဓေယျာရွှေမြေ တို့တင်စား၊ သူတော်စင်တို့ ကျင့်တရား ဘာသာတရား အမွေအစစ်၊ ဗုဒ္ဓကိုယ်တိုင် ခြွင်းချန်ရစ် ရစ်ခွေစီးဆင်းလှနေသည်၊ မြစ်ကြီးဧရာဝတီ ဧရာနံ့ဘေး မနီးမဝေး၊ မင်းကွန်းဆိုတဲ့ ရွာကလေး။**

မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားရာ သာသနာ့ နယ်မြေများတွင် စစ်ကိုင်းတောင်ရိုးလည်း ပါဝင်သည်။ စစ်ကိုင်းတောင်ရိုးကြီး၏ အမည်သတင်းမှာ မြန်မာနိုင်ငံ တစ်နိုင်ငံလုံး သာမက ကမ္ဘာသို့ပါ အမည်သတင်းမှာ ကျော်စောထင်ရှား ပျံ့နှံ့လျက်ရှိသည်။ စစ်ကိုင်းတောင်ရိုး၌ ၁၂လရာသီပတ်လုံး ဘုရားဖူးများဖြင့် မပြတ်စည်ကားလျက်ရှိသည်။ ဝါတွင်းဆိုလျှင် စစ်ကိုင်းတောင်ပေါ် ဘုရားများ၏ ဝါစဉ်ဘုရားပွဲတော်များဖြင့် အစဉ်မပြတ် စည်ကားလျက်ရှိသည်။ တော်သလင်းလ၌ တန်ခိုးကြီးပတ္တမြားစေတီပွဲတော်ရက်တွင် ဘုရားပွဲနှင့် မလွန်ဆန်လှူပွဲ ကျင်းပကြသည်။ တန်ဆောင်းမုန်းလတွင်လည်း စစ်ကိုင်း၊ မန္တလေး၊ အမရပူရမြို့များမှ စစ်ကိုင်းတောင်ရိုးသို့ လာရောက်၍ ကထိန်ခင်းကြသည်။

စစ်ကိုင်းတောင်ရိုးသည် မြန်မာနိုင်ငံ၏ အလယ်ဗဟို ကျနေသည်။ ဧရာဝတီမြစ်ကြီးက စစ်ကိုင်းတောင်တန်းကြီး၏ အရှေ့ဘက် အခြေမှကပ်၍ စစ်ကိုင်းမြို့ကို ရစ်ဝိုက်ကာ စီးဆင်းလျက်ရှိနေခြင်းနှင့် ကုန်းလမ်းဖြစ်သည့် မီးရထားလမ်းနှင့် ကားလမ်းအသွယ်သွယ်တို့ကလည်း အင်းဝတံတားကြီးမှတစ်ဆင့် စစ်ကိုင်းမြို့တွင်းကိုဖြတ်ကာ စစ်ကိုင်းတောင်ခြေကို ဦးတိုက်လျက် ရှိနေသည်။

မင်းဝံတောင်၏ တောင်တန်းတစ်ခုဖြစ်၍ ပုညတောင်စွယ်၊ ငဖားတောင်စွယ်နှင့် ပတ္တမြားတောင်စွယ်စသော တောင်စွယ်ပွားလေးများ ပေါင်းရုံးဖွဲ့စည်းထားရာလည်းဖြစ်သော စစ်ကိုင်းတောင်သည် စစ်ကိုင်းမြို့၏ သဘာဝကျက်သရေဆောင် ဖြစ်နေသည်။ စစ်ကိုင်းမြို့သည် အပူပိုင်းဒေသ အပါအဝင် မြို့တစ်မြို့ဖြစ်သော်လည်း စစ်ကိုင်းတောင် ဝန်းကျင်သည် တောရိပ်တောင်ရိပ်၊ သစ်ရိပ်တို့ဖြင့် အေးချမ်းသာယာလှသည်။ လောဘ၊ ဒေါသ၊ မောဟတို့ကို စွန့်ပယ်နိုင်ရန် တရားဘာဝနာပွားများ ကျင့်သုံးနေထိုင်ကြသော သူတော်စင်တို့ ပျော်မွေ့ရာဒေသ ဖြစ်၍ စစ်ကိုင်းတောင်သည် စိတ်အစဉ်အားဖြင့်လည်းကောင်း၊ ရုပ်အသွင်အပြင်အားဖြင့်လည်းကောင်း၊ ငြိမ်းချမ်းသာယာသော နယ်မြေတစ်ခု ဖြစ်နေတော့သည်။

စစ်ကိုင်းတောင်ပေါ်တွင် ရှေးမင်းအဆက်ဆက်တို့ တည်ထားကိုးကွယ်ခဲ့သော တန်ခိုးကြီးဘုရားများ ပေါများလှသည်။ ပုညအမတ်ကြီး တည်ထားခဲ့သော ပုညရှင်စေတီတော်မှာ ဖိနပ်တော်(၆၂)ပေ၊ ဉာဏ်တော်(၁၃၃)ပေရှိသည်။ စစ်ကိုင်းမြို့သည် အသခ်ယာစောယွန်းမင်းလက်ထက် မြန်မာသက္ကရာဇ် ၆၈၄ခုနှစ်(အေဒီ ၁၃၂၂)တွင် ပုညအမတ်ကြီး ဦးစီးကာ ဓာတ်တော်နှစ်ဆူကို ဌာပနာ၍ တည်ထားခဲ့ခြင်းဖြစ်သည်။ အင်းဝမြို့ မိုးညှင်းမင်းလက်ထက်တွင် သီဟိုဠ်မှရသော မွေတော်လေးဆူအနက် နှစ်ဆူကို ပုညရှင်ဘုရား၌ ထပ်မံ၍ ဌာပနာပြုခဲ့သည်။ မင်းအဆက်ဆက် မွမ်းမံပြင်ဆင်ခဲ့ကြသည်။

စစ်ကိုင်းတောင်၊ မင်းဝံတောင်တန်းတို့သည် ဤကမ္ဘာတည်ထွန်း ဖြစ်ပေါ်လာသောအခါမှစ၍ တည်ရှိနေကြသော တောင်တန်းများ ဖြစ်ကြောင်း စစ်ကိုင်းတောင်ရိုး အတ္ထုပ္ပတ္တိစာတမ်း၌ ဖော်ပြထားသည်။ ထိုတောင်တန်းတို့သည် အထက်မြန်မာနိုင်ငံ၌ တောင်မြောက်တန်းလျက် တည်ရှိကြသည်။ ဧရာဝတီမြစ်၏ လက်ဝဲဖြစ်သော မြောက်ပိုင်း ပဲခူးရိုးမတောင်တန်းကို စစ်ကိုင်းမြို့မှစ၍ မြောက်သို့တန်းလျက်တည်ရှိရာ စစ်ကိုင်းမြို့နယ်ဆုံး ကုန်းတစင်ရွာတိုင်အောင် “စစ်ကိုင်းတောင်တန်း” သို့မဟုတ် “စစ်ကိုင်းတောင်ရိုး”ဟူ၍ သတ်မှတ်ခေါ်ဆိုကြသည်။

ဤတောင်တန်းသည် ရသေ့ရဟန်းစသော သူတော်သူမြတ်တို့၏ မှီခိုနေထိုင်ရာ နေရာဖြစ်သည်။ ဘုရားရှင်တို့ သာသနာပအခါ၌ ဤစစ်ကိုင်းတောင်ရိုးတွင် ရသေ့ယောဂီပုဂ္ဂိုလ်များ နေထိုင်ကြသည်။ သာသနာထွန်းပရာအခါတွင် ရဟန်း၊ သာမဏေ၊ ရသေ့၊ သီလရှင်စသော သူတော်စင်အပေါင်းတို့ အကျင့်တရားများကို ကျင့်ကြံအားထုတ်နေထိုင်ကြသည်။ ဤစစ်ကိုင်းတောင်ရိုးသည် နေရာအတက်အဆင်း လွယ်ကူခြင်း၊ စိမ့်စမ်းမထူခြင်း၊ ငှက်ဖျားစသည်တို့မှကင်းခြင်း တောတိရစ္ဆာန်ဘေးရန်မရှိခြင်း၊ မြေဆီသြဇာနည်းပါးရာဖြစ်၍ မင်းအဆက်ဆက်တို့က ခွင့်ပြုထားခြင်း၊ ဧရာဝတီမြစ်ကိုမှီရခြင်း၊ ဥတုညီမျှခြင်းစသောအကြောင်းများကြောင့် စေတီပုထိုးအမျိုးမျိုး၊ ဇရပ်၊တန်ဆောင်း၊ ဂူ၊ကျောင်း၊ရေကန်အတန်တန်သော အဆောက်အအုံများဖြင့် ကြည်နူးဖွယ်၊ နေချင့်စဖွယ် အထူးသာယာလှပါသည်။

ဗောဓိပက္ခိယ ၃၇ပါးရှိသကဲ့သို့ ဤစစ်ကိုင်းတောင်ရိုး တောင်တန်းသည် ၃၇တောင်ရှိသည်။ ဖဝါးဦးတောင်၊ ခမ္မိကတောင်၊ မောရပဗ္ဗတတောင်၊ ဟံသာဂီရိတောင်၊ မဏိကုဏ္ဍလတောင်၊ ဝတ်ရုံတော်တောင်၊ ပဲပုံတောင်၊ မြင်တင်တောင်၊တောင်ဘီလူးတောင်၊ နံကိုင်းတောင်၊ မင်းဝံတောင်၊ ခါဖဲတောင်၊ ရွှေဖားတောင်၊ ဓေယျာပဗ္ဗတတောင်၊ စစ်သားတောင်၊ ရတနာမုနိတောင်၊ အိမ်ဖြူတောင်၊ မီးပေါက်တောင်၊ မြကြက်တောင်၊လမ်းဦးတောင်၊မြင်းမိုရ်တောင်၊ သိကြားကျတောင် (သကျတောင်)၊ ဒုတ္တာသေလာတောင်၊ သုံးဆယ်တောင်၊ လေးကျွန်းဆီမီးတောင်၊ သရက္ခန်တောင်၊ တံခွန်တိုင်တောင်၊ သရက်ချောင်းတောင်၊ သပိတ်လဲတောင် (သပိတ်လွယ်တောင်)၊ ရတနာပင်စဉ်တောင်၊ မတတောင်(ပထတောင်)၊ ပတ္တမြားတောင်၊ နာဂရိမ္မာတောင်(နာဂဓေယျာ)၊ ပြပုံတောင်(ခင်တန်းတောင်)၊ ကျစ္စာတောင်၊ ပရက္ကမတောင်နှင့် ဟေမပဗ္ဗတတောင်တို့ဖြစ်၍ စစ်ကိုင်းတောင်ရိုးတွင် တောင်ထွတ်ပေါင်း ၃၇ခုရှိသည်။

အဆိုပါ ၃၇တောင်တို့တွင် ဖဝါးဦးတောင်သည် ဘုရားရှင် ဒေသစာရီကြွတော်မူသောအခါ ဘီလူးတို့ကို တရားပြရာ ဖြစ်သည်။ ဤတောင်တန်းများတွင် ဆေးပင်များ၊ ကျောက်ရတနာများ တည်ရှိစုပုံပေါက်ရောက်သည့် အကြောင်းအရာများကို တောင်ဖီလာပုဂ္ဂိုလ်ကျော်၏ ကျမ်းစာအရ သိရှိရသည်။

## မိုးထက်မြင့် ( မြစ်ဝကျွန်းပေါ်)

စစ်ကိုင်းတောင်ရိုးအကြောင်းပြောလျှင် ကမ္ဘာကျော်သော မင်းကွန်းရွာကလေးအကြောင်း မပါလျှင် မပြည့်စုံနိုင်ပါ။ ကောင်းမှုတော်မှ ကားနှင့် ၁၅မိုင်သွားလျှင် မင်းကွန်းရွာကလေး၏ သင်္ဘောဆိပ်သို့ရောက်သည်။ တစ်ကမ္ဘာလုံးက စိတ်ဝင်စားနေသော မင်းကွန်းသည် မြန်မာပြည်အထက်ပိုင်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတောင်တန်း၏ မြောက်ဘက် မင်းကွန်းတောင်ခြေတွင် တည်ရှိသည်။ မန္တလေးမှကြည့်လျှင် အနောက်မြောက်ဘက် ခုနစ်မိုင်ခန့်ဝေးသည့် မင်းကွန်းရွာ၏ အရှေ့ဘက်တွင် ဧရာဝတီမြစ်ရေက ရစ်ခွေစီးဆင်းနေသဖြင့် အေးချမ်းသော ရွာကလေးဖြစ်သည်။ မန္တလေးမှ မော်တော်ဖြင့်ဖြစ်စေ၊ စစ်ကိုင်းဘက်မှ မော်တော်ကားဖြင့်ဖြစ်စေ မင်းကွန်းသို့ သွားရောက်နိုင်သည်။ ယခုအခါ ဂေါဝိန်ဆိပ်ကမ်းမှ ရေပေါ်ရုပ်ပြေးယာဉ်ဖြင့် သွားနိုင်ပြီး ၁၀မိနစ်အတွင်း မင်းကွန်းသို့ ရောက်သည်။

မင်းကွန်းသည် ရွာကလေးတစ်ရွာသာဖြစ်သော်လည်း ကမ္ဘာကျော်အောင် ထင်ရှားလှသည့် မင်းကွန်းပုထိုးတော်ကြီး၊ ခေါင်းလောင်းတော်ကြီး၊ ခြင်္သေ့ကြီး၊ ရေကန်ကြီး စသည်တို့ရှိသည်။

ကမ္ဘာလှည့်ခရီးသည်တို့သည် မြန်မာပြည်ရောက်လျှင် မင်းကွန်းသို့ ရောက်အောင်သွားကြသည်။ သူတို့၏ဒိုင်ယာရီတွင် မင်းကွန်းကို စနစ်တကျ မှတ်သားလေ့လာခဲ့ကြသည်။ မင်းကွန်းသည် ကမ္ဘာလှည့် ခရီးသည်တို့၏ အသည်းနှလုံးဖြစ်သည်။ နေဝင်ခါနီးအချိန်တွင် မင်းကွန်းဒေသကို နောက်ခံထားလျက် ဧရာဝတီမြစ်အတွင်းမှ ဓာတ်ပုံရိုက်ရသည်ကိုလည်း ကမ္ဘာလှည့်ခရီးသည်တို့ စွဲမက်ကြသည်။

မင်းကွန်းဒေသ၌ အထင်ကရသမိုင်းဝင်ဖြစ်သည့် အခြားအဆောက်အအုံများလည်း များစွာရှိကြသည်။ ဒေါ်ဦးဇွန်း၏ လူအိုရုံခေါ် ဘိုးဘွားရိပ်သာကြီး မင်းကွန်းရွာအနောက်ဘက်ရှိ မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး သီတင်းသုံးတော်မူခဲ့ရာ ဓမ္မနာဒစာသင်တိုက်နှင့် မင်းကွန်းရွာ တောင်ဘက် တစ်မိုင်ခန့်သာဝေးသည့် တိပိဋကဓရလောင်းလျာ အရှင်မြတ်တို့ သီတင်းသုံးရာ မိုးမိတ်ကုန်းမြေတို့ တည်ရှိသည်။ ထိုနေ ရာများတွင် သမိုင်းဝင် စေတီပုထိုးများကို ဖူးမြော်နိုင်သည့်အပြင် ပြတိုက်ကြီးများနှင့် ကျောက်စာတိုက်များကိုလည်း လေ့လာနိုင်သည်။

မင်းကွန်းပုထိုးတော်ကြီးသည် ဘိုးတော်ဘုရား၏ ကောင်းမှုတော်ဖြစ်သည်။ အာရှဗိသုကာသမိုင်းစာအုပ်တွင် မာဂူဆင်ဆိုသူက “မင်းကွန်းပုထိုးတော်ကြီးသည် ယခုကဲ့သို့ ပျက်စီးယိုယွင်းသော အခြေအနေ၌ပင် အလွန်ထုထည်ကြီးမားလျက် ခံ့ညားသော အုတ်ဗိမာန်ကြီးတစ်ခု ဖြစ်နေပေသည်။ အီဂျစ်ပြည်၌ ရှေးဘုရင်တို့၏ ‘ပိရမစ်’ခေါ် ကျောက်ဂူကြီးများ ဆောက်လုပ်ခဲ့ကြသည်မှစ၍ ဤလောက်ကြီးမားသော အဆောက်အအုံမျိုးကို မည်သည့်အရပ်တွင်မျှစ၍ တီထွင်ဆောက်လုပ်ခြင်း မပြုခဲ့ကြပါ။ ၁၉ရာစုနှစ် မြန်မာဘုရင်ကောင်းမှုတော်ဖြစ်သော ဤစေတီမျိုးကား ဤကမ္ဘာ၌ ရှာမှရှားဟု ဆိုရပေမည်”ဟု ချီးမွမ်းမှတ်တမ်းတင်ထားသည်။

မင်းကွန်းခြင်္သေ့ကြီးသည်လည်း ဘိုးတော်ဘုရားကောင်းမှုတော်ဖြစ်၍ အလွန်ထုထည်ကြီးမားလှသည်။ ထို့ကြောင့်ပင် ခရစ်နှစ် ၁၇၉၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် ဗြိတိသျှသံတမန် ဟီရန်ကော့စ် လာရောက်ခဲ့စဉ်က ထုထည်ကြီးမားသော စကျင်ကျောက်မျက်လုံးကြီးများကို တွေ့ခဲ့ရ၍ သူ၏နေ့စဉ်မှတ်တမ်းတွင် “ကျောက်မျက်လုံးကြီးများကို မတပ်ဆင်သေးမီ တွေ့ရ၍ လုံးပတ်အဝန်း ၁၃ပေရှိကြောင်း၊ စက်ကိရိယာမပါဘဲ ခြင်္သေ့မျက်လုံးအခေါင်းပေါက်ထဲ၌ ဒီကျောက်မျက်လုံးတွေ ဘယ်လိုတပ်ဆင်မယ်ဆိုတာ မြင်လိုလှကြောင်း” အံ့သြစွာ ချီးမွမ်းရေးသားခဲ့သည်။

ကမ္ဘာ့သမိုင်းဝင် ခေါင်းလောင်းကြီးများအနက် ရုရှားနိုင်ငံ၊ မော်စကိုမြို့ ကရင်မလင်နန်းတော်မှ “ဇာကိုလိုကော့”အမည်ရှိသော ခေါင်းလောင်းသည် ကမ္ဘာပေါ်တွင် အကြီးဆုံးဖြစ်သည်။ ဒုတိယ အကြီးဆုံး ခေါင်းလောင်းမှာ မော်စကိုမြို့တွင် တည်ရှိပြီး အလေးချိန် ၁၂၈တန်ရှိသည်။ ကမ္ဘာ့တတိယ အကြီးဆုံးခေါင်းလောင်းမှာ မင်းကွန်းခေါင်းလောင်းတော်ကြီးဖြစ်ပြီး တန်ချိန် ၉၈ဒသမ၅၂ရှိသည်။ ရုရှားနိုင်ငံ၊ မော်စကိုမြို့ရှိ ခေါင်းလောင်းနှစ်ခုမှာ တီးနိုင်၊ ခေါက်နိုင်သော ခေါင်းလောင်းများမဟုတ်ပါ။ မြေစိုက်ခေါင်းလောင်းများပင် ဖြစ်သည်။ ဤမင်းကွန်းခေါင်းလောင်းကြီးမှာ တီးနိုင်၊ ခေါက်နိုင်သော ခေါင်းလောင်းတို့တွင် ကမ္ဘာပေါ်၌ အကြီးဆုံးဖြစ်သည်။ ဤခေါင်းလောင်းတော်ကြီးမှာလည်း ဘိုးတော်ဘုရား၏ ကောင်းမှုတော်ပင် ဖြစ်သည်။

မင်းကွန်းတွင် ရေကန်ကြီးကိုလည်း တွေ့မြင်နိုင်သည်။ ဘိုးတော်ဘုရား၏ ကောင်းမှုတော်ပင် ဖြစ်သည်။ ကန်တော်ကြီး၏ ထူးခြားချက်မှာ မြစ်နှင့်အလှမ်းကွာနေသော်လည်း မြစ်ရေတိုးလျှင် ကန်ရေတိုးလာ၍ မြစ်ရေနည်းလျှင် ကန်ရေလည်း အနည်းငယ်သာရှိခြင်း ဖြစ်သည်။ သို့သော် ရာသီမလပ် ရေမပြတ်ရှိနေသည်။

မင်းကွန်း၏ အသည်းနှလုံး၊ ကမ္ဘာလှည့်ခရီးသည်တို့အစွဲမက်ဆုံး ညို့ငင်ဖမ်းစားနိုင်သည့် အသပ္ပာယ်ဆုံးစေတီတော်ကြီး တစ်ဆူမှာ မြသိန်းတန်စေတီဖြစ်သည်။ ထိုစေတီမှာလည်း ဘိုးတော်ဘုရား၏ ကုသိုလ်တော်ဖြစ်ပြီး တာဝတိံသာနတ်ပြည်ပုံစံ ဖြစ်ပေသည်။ ဤစေတီတော်ကြီးကို နိုင်ငံခြားသားများ လွန်စွာကြည်ညိုနှစ်သက်ခဲ့ကြသည်။ မင်းတုန်းမင်းခေတ်တွင် သံမှူးစလေဒင်က ဤမြသိန်းတန်စေတီတော်ကြီး အကြောင်းကို မဟာအာရှအသင်းဂျာနယ်၌ ရေးသားခဲ့သည်။ သံမှူး ဟင်နရီယူးကလည်း“ဤစေတီတော်ကြီးတည်ဆောက်ပုံမှာ ရောမနှင့် ခေါမခေတ် တို့က အက်ပါတနာ နန်းမြို့တော်ကြီး တည်ဆောက်ပုံနှင့် တူသည်”ဟု ချီးမွမ်းအံ့သြမှတ်တမ်းတင်ခဲ့ပါသည်။ မင်းကွန်းဆရာတော်ကြီးက ပုထိုးတော်ဘုရားကြီးသည် ဧည့်ခေါ်ဘုရား၊ မြသိန်းတန်စေတီတော်က ဧည့်ခံဘုရားဟု အမိန့်ရှိခဲ့ဖူးသည်။

မန္တလေးမြို့ မရမ်းခြံဆိပ်ကမ်းမှ ငှက်သမ္ဘန်ကလေးများဖြင့်ဖြစ်စေ၊ မော်တော်များ၊ သင်္ဘောကြီးများဖြင့်ဖြစ်စေ အထက်အညာသို့ ဆန်တက်လာလျှင် ခုနစ်မိုင်ခန့်အရောက်တွင် အနောက်ဘက်မင်းကွန်းတောင်ရိုးကို မျှော်ကြည့်လိုက်သောအခါ ထုထည်အလွန်ကြီးမားသော အုတ်စေတီတော်ကြီးတစ်ဆူကို ဖူးတွေ့ရသည်။ ထိုစေတီတော်ကြီးကို အနီးကပ်ဖူးမြော်လျှင် ထုထည်ကြီးမားသလို အဝေးကဖူးမြော်လျှင်လည်း ထုထည်ကြီးမားနေသည်မှာ အခြားစေတီတော်တို့ထက် ထူးခြားချက်တစ်ရပ်ဖြစ်သည်။ စေတီတော်ကြီးကား အခြားစေတီတော်တို့ကဲ့သို့ ထုံးရောင်၊ ရွှေသင်္ကန်းရောင် မတောက်ပြောင်ဘဲ ရဟန်းတော်တို့ အများဆုံး ဝတ်တော်မူလေ့ရှိသည့် သင်္ကန်းရောင်တောက်နေသည်မှာလည်း တစ်မျိုးတစ်ဘာသာဆန်းကြယ်လှသည်။ ထိုစေတီတော်ကြီးကား ဘိုးတော်ဘုရား၏ ကောင်းမှုတော်ဖြစ်သည့် မင်းကွန်းပုထိုးတော်ကြီးဖြစ်သည်။

ဘိုးတော်ဘုရားသည် မင်းကွန်းပုထိုးတော်ကြီးတည်ရန် သားတော် မဟာဥပရာဇာကို နေပြည်တော်၌ အစောင့်အရှောက်ထားတော်မူခဲ့၍ ၁၁၅၂ ခုနှစ်၊ နတ်တော်လဆန်း ၁၅ရက် တနင်္ဂနွေနေ့တွင် အမရပူရရွှေနန်းတော်မှ မင်းကွန်းဒေသသို့ ပထမဦးဆုံးအကြိမ် ထွက်တော်မူခဲ့ခြင်းဖြစ်သည်။ **မင်းကွန်းဒေသသည် ညို့မှိုင်းသောတောင်တန်း၊ စိမ်းလန်းသော တောအုပ်တို့ဖြင့် နေချင့်စဖွယ် တင့်တယ်သာယာလှသည်။ ပုထိုးတော်ကြီး၏ သူတော်စင်များ စိတ်နှလုံးကို ညို့ယူဖမ်းစားနိုင်သည့် သတ္တိကြောင့် နေပူသည့်ကြားမှ ပြည်တွင်းဘုရားဖူးများသာမက ကမ္ဘာလှည့်ခရီးသည်များပါ မမောနိုင်၊ မပန်းနိုင် သဒ္ဓါတရား ထက်သန်စွာဖြင့် လာရောက်ကြည်ညို ဖူးမြော်နေကြသည်။**

ဤမျှ အေးချမ်းသာယာလှပပြီး ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ စုစည်းတည်ရှိရာ **သမိုင်းပြောင်းမည့်ဦးသည့် စစ်ကိုင်းတောင်ရိုးဆီသို့** ပြည်တွင်းပြည်ပခရီးသည်အပေါင်း သွားဖြစ်အောင် သွားရောက်လေ့လာကြစေလိုပါကြောင်း စေတနာကောင်းဖြင့် လေ့လာတင်ပြလိုက်ရပါသည်။ ။

**မင်းကွန်းဒေသသည် ညို့မှိုင်းသောတောင်တန်း၊ စိမ်းလန်းသော တောအုပ်တို့ဖြင့် နေချင့်စဖွယ် တင့်တယ်သာယာလှသည်။ ပုထိုးတော်ကြီး၏ သူတော်စင်များ စိတ်နှလုံးကို ညို့ယူဖမ်းစားနိုင်သည့်သတ္တိကြောင့် နေပူသည့်ကြားမှ ပြည်တွင်းဘုရားဖူးများသာမက ကမ္ဘာလှည့်ခရီးသည်များပါ မမောနိုင်၊ မပန်းနိုင် သဒ္ဓါတရား ထက်သန်စွာဖြင့် လာရောက်ကြည်ညို ဖူးမြော်နေကြသည်။**



မော်လမြိုင်မြို့ သမိုင်းဝင်ရွှေတောင်ကျောင်းတိုက် ပရိဝုဏ်အတွင်း ငွေကျပ် သိန်း ၃၀၀ ကျော် အကုန်အကျခံ တည်ဆောက်ဆဲဖြစ်သောသိမ် အဆောက်အအုံသစ်အတွက် မတ် ၂၄ရက်က ရွှေတောင်ကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် သာသနာပြု နယ်လှည့်ဓမ္မကထိက ဘဒ္ဒန္တ ဝိမလထံ ဦးကျော်အား ရည်စူး၍ မော်လမြိုင်မြို့ မရမ်းကုန်းရပ် အောက်လမ်းမကြီးနေ ဒေါ်ပြုံးချို၊ သား ကိုထွန်းထွန်းမိသားစုတို့က ငွေကျပ် ၁၀ သိန်း ဆက်ကပ်လှူဒါန်းစဉ်။ (၁၆၈)

## ဆရာတော်ကြီးများထံမှ ဩဝါဒခံယူ

**သုံးခွ ဧပြီ ၄**

သုံးခွမြို့နယ် အဘိဓမ္မာပြန့်ပွားရေးအသင်း၏ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲကို မတ် ၂၆ ရက် နံနက် ၈ နာရီက အမှတ်(၁)ရပ်ကွက် အတုလမာရဇိန် ဆုတောင်းပြည့်စေတီတော်ဝင်း၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး အဘိဓမ္မာ အသင်းသား အသင်းသူများက မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ စစ်ကုန်းကျောင်းဆရာတော် ဘဒ္ဒန္တ ကောဝိဒထံမှ ငါးပါးသီလ ခံယူကြသည်။ ထို့နောက် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်အေးက သာသနာရေးရာများ လျှောက်ထားသည်။

ဆက်လက်၍ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကုမာရက ဩဝါဒချီးမြှင့်သည်။ **(၁၃၇)**



# စိတ်ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောရာသက်ပန်အသင်းဝင် အဆိုပြုလွှာပေးအပ်

မြိတ် ဧပြီ ၁၅

**တနင်္သာရီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် တိုင်းအမျိုးသမီးရေးရာ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့တို့ ပူးပေါင်းကျင်းပသော စိတ်ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် ရာသက်ပန်အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲအခမ်းအနားကို ဧပြီ ၁၀ ရက် နံနက် ၉နာရီက မြိတ်မြို့ ပုလဲရတနာခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက အဖွင့်အမှာစကား ပြောကြားပြီး မြိတ်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြအေးက အမျိုးသမီးရေးရာအဖွဲ့ ရာသက်ပန်အဆိုပြုလွှာ ၆၃၀ ကိုလည်းကောင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါ်နုနုအေးက ရာသက်ပန်အဆိုပြုလွှာ ၄၉၆ စောင်ကိုလည်းကောင်း အသီးသီးပေးအပ်ကြရာ တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်တင်တင်နွဲ့က လက်ခံရယူသည်။

ဆက်လက်၍ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါ်တင်တင်နွဲ့က အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** မြိတ်မြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ စိတ်ကျန်းမာရေးအထူးကုဆရာဝန်ကြီးဒေါက်တာဒေါ်ခင်အေးကြိုင်က စိတ်ကျန်းမာရေးဆိုင်ရာ အသိပညာများ ဟောပြောကြောင်း သိရသည်။ **(တိုင်း ပြန်/ဆက်)**

## ရွှေတောင် ကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးမှူးအမှုဆောင်များ စီမံခန့်ခွဲရေး မွမ်းမံသင်တန်းဖွင့်

**ရွှေတောင် ဧပြီ ၁၂**

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်ခရိုင် ရွှေတောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူးဖွင့်လှစ်သော အမှုဆောင်များ စီမံခန့်ခွဲရေး မွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၀၆) ဖွင့်ပွဲကို ဧပြီ ၈ရက် နံနက်က ကြာနီကန်ရပ်ကွက် သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းမြင့် **(ယာပုံ)**နှင့် ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်ချိုဦးတို့က အမှာစကားများ ပြောကြားကြပြီး မြို့နယ်အသင်း တွဲဖက်အတွင်းရေးမှူး ဦးထွန်းထွန်းဦးက သင်တန်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

**လက်ခံရယူ**

ထို့နောက် တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးခင်အောင်ဝင်းက အလှူငွေကျပ်တစ်သောင်း၊ ပြည်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ကျော်လင်းက အလှူငွေကျပ် ငါးထောင်ကိုပေးအပ်ရာ မြို့နယ်အသင်းအတွင်းရေးမှူး ဦးမင်းသိမ်းက လက်ခံရယူသည်။

**သင်တန်းကာလ**

အဆိုပါ သင်တန်းသို့ ရပ်ကွက်နှင့်ကျေးရွာအုပ်စုများမှ သင်တန်းသား ၅၁ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## အမြို့မြို့ အနယ်နယ် သတင်းများ






## တရားဥပဒေရေးရာ ပညာပေးဟောပြော

**ကောလင်း ဧပြီ ၈**

ကောလင်းမြို့နယ် တရားရေးမှ ကြီးမှူးကျင်းပသော တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေးဟောပြောပွဲကို ဧပြီ ၂ ရက်က ကောလင်းမြို့နယ် ကရာကုန်းအုပ်စု ဝါးရုံးတုံးကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ကျင်းပရာ ကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာသူကျေးရွာသားများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် မြို့နယ်တရားသူကြီး ဦးဇော်ညွန့်ဦးက တရားရေးရာ အသိပညာပေးဟောပြောပြီး မြို့နယ် ဥပဒေအရာရှိ ဦးလှိုင်ကျော်က ဥပဒေရေးရာအကြောင်း အသိပညာပေး ဟောပြောကြသည်။

အလားတူ ကောလင်းမြို့နယ် ဝါးရုံခုံအုပ်စု တာကျေးရွာအခြေခံပညာ မူလတန်းကျောင်းတွင် ဟောပြောပွဲ ကျင်းပသည်။ **(၀၂၆)**

## မိုင်းဖြတ်ခရိုင်၌ စာကြည့်တိုက်ရေရှည်တည်တံ့ရေးဆွေးနွေး ဒို့ကျေးရွာဂျာနယ်အကြောင်း ဟောပြော

မိုင်းဖြတ် ဧပြီ ၅

**မိုင်းဖြတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူးကျင်းပသည့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် ဒို့ကျေးရွာဂျာနယ်အကြောင်း သိကောင်းစရာများ ဟောပြောပွဲ အခမ်းအနားကို မတ် ၈ ရက် မွန်းလွဲ ၁ နာရီက မိုင်းဖြတ်မြို့ ဘုရင့်နောင်ခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးညွန့်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြည်နယ် ဦးစီးဌာန ဦးစီးမှူး ဦးစိုးစိုးက စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် ဒို့ကျေးရွာဂျာနယ်ဖတ်ရှုခြင်းမှ ရရှိသော အကျိုးကျေးဇူးများအကြောင်းကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးဟောပြောသည်။

**ဆွေးနွေးဟောပြော**

ဆက်လက်၍ ခရိုင်ဦးစီးအရာရှိ ဦးစိုင်းဆမ်တစ်က စာကြည့်တိုက်နှင့် ဒို့ကျေးရွာဂျာနယ်ဖြန့်ဝေမှုအကြောင်း ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

**ဆိပ်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ထောက်ပံ့ငွေဖြင့် ရေပေးရေးလုပ်ငန်းကို ဆောင်ရွက်ရာ ဧပြီ ၅ရက်က အမှုဆောင်အရာရှိ ဦးထန်းနိုင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခိုင်မြင့်တို့က မြို့ရေပေးဝေမှု အခြေအနေကို ကွင်းဆင်း စစ်ဆေးကြစဉ်။**
(မြို့နယ် ပြန်/ဆက်)



## မြန်မာ့အသံ

**၂၄-၄-၂၀၀၆**
**(တနင်္လာနေ့)**

**နံနက်ပိုင်း**

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မင်္ဂလသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (စိုက်ပျိုးရေးရာ ပြန်ကြားလွှာ)
၁၁း၄၀ သုတစုံစွာ သိမှတ်စရာ (ရှုရှုပြေးခြင်း–သိပ္ပံမှူးတင်)
၁၂း၀၀ တစ်ပတ်အတွင်း သတင်းပဒေသာ (ပြည်တွင်း)
၁၂း၂၅ အားကစားသတင်းပဒေသာ

**ညနေပိုင်း**

၁၇း၃၀ တစ်ပတ်အတွင်း သတင်းပဒေသာ (ပြည်တွင်း)
၁၇း၄၀ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (အညာကရွာအလှူရှင်လောင်း လှည့်ပွဲ–ဆူးခါးဘုန်းမြင့်)
၁၈း၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)
၁၉း၁၅ ပြည်ထောင်စုတိုင်းရင်းသားတေးသံ



## ဖျာပုံမြို့ ဒုတိယလမ်း ထပ်ပိုးကတ္တရာခင်း

**ဖျာပုံ ဧပြီ ၂၀**

ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲထွဋ်၏စီမံကြီးကြပ်မှု၊ လမ်းဖြစ်မြောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာ ဦးစံဦးနှင့် ကော်မတီဝင်များ၏ ဆောင်ရွက်မှုတို့ဖြင့် ဧပြီ ၁၇ ရက်က ဒုတိယလမ်းကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ငွေကျပ် ၁၅၇၇၅၀၀၀ နှင့် ပြည်သူများ ထည့်ဝင်လှူဒါန်းငွေကျပ် ၁၅၇၇၅၀၀၀ ဖြင့် လမ်းအရှည် ၃၄၇၅ ပေ၊ အကျယ် ၂၂ပေကို ကတ္တရာထပ်ပိုးလွှာ ခင်းခဲ့ကြောင်း သိရသည်။ **(က–ပ)**



ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဆောင်ရွက်သော ဇေယျာမွန်ရပ်ကွက် စကားဝါလမ်း ဂဝံခင်းခြင်းလုပ်ငန်း ဆောင်ရွက် ပြီးစီးမှုကို မေ ၁၀ ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်နှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိဦးသက်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာဦးတင်ထွန်းတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် စည်ပင်)

## လှိုင်လင်၌ သက်ကြီးဘိုးဘွားများ ပူဇော်ကန်တော့ ကျန်းမာရေးစမ်းသပ်ကုသ၊ အားဆေးများပေးဝေ

လှိုင်လင် မေ ၂၁

**လှိုင်လင်မြို့တွင် သက်ကြီးဘိုးဘွားများ ပူဇော်ကန်တော့ပွဲကို မေ ၁၇ ရက် မွန်းလွဲ ၁ နာရီက သာသနာ့ဗိမာန်တော်ကြီးတွင် ကျင်းပသည်။**

ရှေးဦးစွာ ရတနာမြတ်သုံးပါးကို ပူဇော်ကန်တော့ကြပြီး အသက်(၈၀) အထက်ဘိုးဘွား ၆၁ဦးတို့အား ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းတင့်နှင့်ဇနီး ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ထွေးထွေးလှ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလွင်နှင့်အဖွဲ့ဝင်များ၊ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ငွေနှင့် ဆေးပစ္စည်းများကို လှူဒါန်းကြသည်။

### ပေးဝေ

ထို့အပြင် သက်ကြီး ဘိုးဘွားများအား မြို့နယ် ကျန်းမာရေးဌာနက ကျန်းမာရေး စမ်းသပ်ကုသပေးပြီး အားဆေးများ ပေးဝေကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



**ရခိုင်ပြည်နယ် မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ဝင်ဆိုင်းဘုတ် သစ်လွင်လှပရေးအတွက် စာလုံးဖော်ခြင်းနှင့် အလှပြုပြင်ခြင်းတို့ကို မတ် ၂၀ ရက်က အမှုဆောင်အရာရှိ ဦးဘုန်းမောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သန်းဝင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။**

(မြို့နယ် စည်ပင်)

## မိုင်းပျင်းမြို့၌ ကမ်းနားလမ်း ကတ္တရာလမ်းသစ်ဖွင့်

**မိုင်းပျင်း မေ ၈**

မိုင်းပျင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကမ်းနားလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၅ ရက် နံနက် ၈ နာရီက အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုင်းခွန်ဇော်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကြောင်းသိရသည်။ **(အောက်ပုံ)**

**(မြို့နယ်စည်ပင်)**

# အမြို့မြို့ အနယ်နယ် သတင်းများ

## အနာကြီးရောဂါတိုက်ဖျက်ရေး ကျောက်တံခါးမြို့၌ ရှင်းလင်း ပြောကြား

**ကျောက်တံခါး မေ ၅**

ပဲခူးခရိုင် ကျောက်တံခါးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကျင်းပသော အနာကြီးရောဂါတိုက်ဖျက်ရေး ရက်သတ္တပတ် လှုပ်ရှားမှု ဟောပြောပွဲကို မတ် ၂၆ ရက် နံနက်က ဈေးပိုင်းရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ကျင်းပရာ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန်းစန်းမိုးက အဖွင့်အမှာစကားပြောကြားပြီး အသင်းအတွင်းရေးမှူး မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာမိုးဇော်က အနာကြီးရောဂါ တိုက်ဖျက်ရေးအကြောင်း အကျယ်တဝင့် ရှင်းလင်း ပြောကြားသည်။ **(အောက်ပုံ)**

**(မြို့နယ် ပြန်/ဆက်)**

## ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေး ဟိုပင်မြို့နယ်၌ စက်ရေတွင်း တူးဖော်ဆောင်ရွက်

**မိုးညှင်း မေ ၆**

ကျေးလက် ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် တကွင်း (ရွှေပြည်အေး) ကျေးရွာတွင် ဟိုပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂)ဦးအင်ကွန်းအောင် ကြီးကြပ်၍ စက်ရေတွင်းတူးဖော် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းခွင်သို့ မတ် ၃၁ ရက်က မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်ဦး သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုဖြည့်ဆည်းပေးသည်။

အဆိုပါ စက်ရေတွင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ကဆောင်ရွက်၍ အနက်ပေ ၂၀၀ ရှိပြီးတစ်နာရီလျှင် ရေဂါလန် ၁၀၀၀ ထွက်ရှိကြောင်း သိရသည်။ (၁၅၂)



## ဘီးလင်းအထက မြတ်ဆရာပူဇော်မည်

**ဘီးလင်း မေ ၆**

မွန်ပြည်နယ် ဘီးလင်းအထက်တန်းကျောင်း စတုတ္ထအကြိမ် မြတ်ဆရာပူဇော်ပွဲကို မေ ၇ ရက် (မေဒေးနေ့) နံနက်၈နာရီတွင် ဘီးလင်း အထက ပညာ့အားမာန် ခန်းမဆောင်၌ ကျင်းပမည် ဖြစ်သည်။

သို့ပါ၍ အသက် (၆၀)ပြည့် ဆရာကြီး၊ ဆရာမကြီးများ အပူဇော်ခံယူကြရန်နှင့် ကုသိုလ်ပါဝင်လိုသူများ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမမော်ကွန်းထိန်း ဦးအေးထွန်း ဖုန်း–၅၃၄၀၂၄၊ ဦးစံ ဖုန်း– ၃၈၅၉၀၃၊ ဦးသိန်းဝင်း ဖုန်း– ၀၉–၅၁–၂၃၆၀၁၊ ဦးဆန်းအောင် (ဆရာစံရပ်ကွက်)၊ ဦးသန်းအောင် (ဆရာစံရပ်ကွက်)နှင့် ဦးမြင့်ဦး(ဘိုးရာဇာရပ်ကွက်)တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

## ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်

**မြင်းခြံ မေ ၃**

မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ် ဆောင်ရွက်မှုဖြင့်ခရိုင်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ ကျော်ညီမိမ်း ဦးဆောင်သော အထူးကုဆရာဝန်ကြီးများနှင့် မန္တလေးဆေးတက္ကသိုလ်နောက်ဆုံးနှစ် အပိုင်း (က) ဆေးကျောင်းသား ကျောင်းသူများသည် မတ် ၂၆ ရက်က နွားထိုးကြီးမြို့နယ်အုတ်တွင်းကျေးရွာရှိကျေးလက်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(၄၀၂)**



## ပတ်ဝန်းကျင်သန့်ရှင်းရေး ဖွံ့ဖြိုးရေးလုပ်ငန်းများဆွေးနွေး

**နွားထိုးကြီး မတ် ၃၁**

နဝမအကြိမ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ် အထိမ်းအမှတ် အခမ်းအနားကို မတ်၄ရက် နံနက်၁၀နာရီက ပဒေါင်ကျေးရွာအုပ်စု ညောင်ပင်ရွာကျေးရွာ အခြေခံပညာမူလတန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်က အမှာစကားပြောကြားပြီး အဖွဲ့ဝင်(၁)ဒုတိယရဲမှူး အောင်သန်းကကျေးရွာလုံခြုံရေးဆိုင်ရာများ ဆွေးနွေးသည်။

ထို့နောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မာလာမျိုး၊ တွဲဖက်အတွင်းရေးမှူး ဒေါ်နွဲ့နွဲ့သန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးလှမြင့်တို့က ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆွေးနွေးကြကြောင်း သိရသည်။ **(၂၁၃)**



**ကမ္ဘာ့ကျန်းမာရေးနေ့ အခမ်းအနားကို မေ ၇ ရက်က ညောင်လေးပင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပရာ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာ ဒေါ်မေအေးက ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးထံမှ ပေးပို့သောသဝဏ်လွှာကို ဖတ်ကြားစဉ်။** (၁၃၄)

## တောင်သာမြို့၌ အများသုံးရေဝေကန်ဖွင့်

**တောင်သာ မေ ၃**

တောင်သာမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူတို့ပူးပေါင်း၍ မင်းစုရပ်ကွက် အများသုံးရေဝေကန်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၄ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောသန့်ဆွေနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြင်အေးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

### စုပေါင်းဆောင်ရွက်

အဆိုပါ အများသုံးရေဝေကန်ကို စည်ပင်သာယာရေးအဖွဲ့မှ ငွေကျပ် ၄၈၀၀၀၀နှင့် ပြည်သူများ ထည့်ဝင်ငွေကျပ် ၃၅၀၀၀၀ဖြင့် စုပေါင်းဆောင်ရွက်ကြသည်။ **(၂၁၂)**




နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဧရာဝတီတိုင်း ကျွန်းကုန်းတံတားတည်ဆောက်မည့် နေရာအား ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# တိုင်းပြည်အတွက်၊ ပြည်သူများအတွက် စေတနာအရင်းခံ၍ မမောနိုင်၊ မပန်းနိုင် အလုပ်လုပ်လျက်ရှိ အခက်အခဲများကြားမှ တစ်တိုင်းပြည်လုံး သိသိသာသာဖွံ့ဖြိုးတိုးတက်ပြီး အောင်မြင်မှုများရရှိနေ

*ရှေ့ဖုံးမှ*

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရဟတ်ယာဉ်များဖြင့် ဧရာဝတီတိုင်း မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ကျွန်းကုန်းကျေးရွာသို့ ရောက်ရှိသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ✡

## ဖျာပုံတံတား

- ❒ ဖျာပုံတံတားကို ဖျာပုံမြစ်ပေါ်ဖြတ်၍ ဖျာပုံမြို့ အမှတ်(၁)ရပ်ကွက်နှင့် ဒေးဒရဲမြို့နယ် အုန်းပင်ကျေးရွာ အကြား ဆက်သွယ်တည်ဆောက်နေ။
- ❒ ဖျာပုံတံတား၏ ပင်မတံတားမှာ ၁၃၇၂ ပေ ရှိ၍ စလက်မရှိပြီး ချဉ်းကပ်တံတား နှစ်ဖက်နှင့်ဆိုပါက တံတားအရှည် စုစုပေါင်း ၃၉၃၂ ပေ ရှိမည်။
- ❒ တံတား၏ ယာဉ်သွားလမ်း အကျယ်မှာ ၂၈ပေ ဖြစ်ပြီး တံတားတစ်ဖက်လျှင် ခြောက်ပေစီကျယ်သည့် လူသွားလမ်းတို့ ပါရှိ။
- ❒ တံတားအောက် ရေလမ်းကင်းလွတ် နယ်မြေအကျယ်မှာ ၂၆၅ပေနှင့် အမြင့် ၃၆ ပေရှိ။

## နေပြည်တော်မြို့တော် မိုးလေဝသအခြေအနေ

နေပြည်တော်မြို့တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ (ဧပြီ ၂၃ ရက်) ၌ မွန်းလွဲ၊ ညနေပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။



ဧရာဝတီတိုင်း ဖျာပုံတံတား တည်ဆောက်ပြီးစီးမှု အခြေအနေကို ဝေဟင်မှ တွေ့မြင်ရစဉ်။ (သတင်းစဉ်)

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး